

ဒဂုန်ရွှေမျှား

# အငိဖိကြာရိုး

# ဒဂုန်ရွှေမျှား
(၁၈၉၅- ၁၉၈၂)

ဒဂုန်ရွှေမျှားသည် ၁၈၉၅ ခုနှစ်၊ ဇွန်လ (၂) ရက်နေ့တွင် ပြည်မြို့၌ အဖကုန်သည် ဦးချစ်ထွန်း၊ အမိဒေါ်စော (စောကလေး)တို့ မှ မွေးဖွားခဲ့သော တစ်ဦးတည်းသောသားဖြစ်သည် ။ အမည်ရင်း ဦးတင်၊ ငယ်စဉ်က အိမ်တွင် မြန်မာ-အင်္ဂလိပ်ဆရာများ ဖြင့် ပညာစတင်သင်ကြားခဲ့ပြီး တတိယတန်းမှ စ၍ ပြည်မြို့ အစိုးရဟိုက်စကူးကျောင်းတွင် တတိယတန်းမှ ဒသမတန်း အောင်သည် အထိ သင်ကြားခဲ့သည် ။ ၁၉၁၃-၁၄ခုနှစ်တွင် ဒသမတန်းအောင်မြင်ခဲ့သည် ။ ရန်ကုန် တက္ကသိုလ်တွင် ခေတ္တမျှ တက်ရောက် သင်ကြားခဲ့သည် ။ နောက် စပါးကုန်သည် အလုပ်လုပ်သည် ။ ထိုသို့လုပ်ရင်း စပါးကုန်သည် ၊ မြေပိုင်ရှင်၊ သမာဓိမြို့ဝန် ဦးပြူး၏ သမီး ဒေါ်သိန်းခင်နှင့် လက်ထပ်ခဲ့သည် ။ ၁၉၂၇ ခုနှစ်တွင် ရှေ့နေစာမေးပွဲ အောင်မြင်၍ ရှေ့နေဘဝ၊ နောက် သတင်းစာ ကိုယ်စားလှယ်၊ သတင်းထောက်၊ စာရေးဆရာ၊ အယ်ဒီတာ ဘဝများကိုရရှိခဲ့ပြီး စစ်ကြိုခေတ်၊ မြန်မာ စာရေးဆရာများ ပေါ်ဦးပေါ်ဖျား ကာလမှာ ပင် "ပြည်မောင်တင်" ကလောင်အမည်၊ နောင် "ဒဂုန်ရွှေမျှား"ဖြစ်လာခဲ့သည် ။

၁၉၁၇ ခုနှစ် မတ်လတွင် သူရိယမဂ္ဂဇင်း ထွက်ပေါ်လာသောအခါ "

ဝတ္ထုရေးသူများကို ဆုပေးမည့် အကြောင်း" ပါလာသဖြင့် "ဝီလျံရှိတ်စပီးယား"(William Shakespere) ၏ " အော်သယ်လို" (Othello) ပြဇာတ်ပုံဝတ္ထုကို မြန်မာမှုပြု၍ "ချင်းဗိုလ်မောင်တက်တူ" အမည်ခံပြီး ပါဝင်ယှဉ်ပြိုင်ရာ မေလထုတ် သူရိယမဂ္ဂဇင်း (ရေးသူဆုရသည် ) ကဏ္ဍတွင် စတင် ဖော်ပြခံရသည် ။ ဆုငွေ ၁၅/ ကျပ်ရသည် ။ ဒဂုန်ရွှေမျှား၏ ပထမဦးဆုံး ဝတ္ထုတိုလက်ရာ ဖြစ်သည် ။ နောက် သူရိယ၊ ဒဂုန်၊ မြန်မာ့အလင်း၊ ကြည်တော်မူ အစရှိသော မဂ္ဂဇင်းများ တွင် ဝတ္ထုစာပေလက်ရာများ ဆက်လက်ရေးသားခဲ့သည် ။ ဆောင်းပါးအနေဖြင့် သူရိယမဂ္ဂဇင်းမှာ ပင် Wide World မဂ္ဂဇင်းမှ ဂျာမန်စစ်သုံ့ပန်း အင်္ဂလိပ်စစ်ဗိုလ်တစ်ယောက် အကြောင်း ဆောင်းပါးသည် ဒဂုန်ရွှေမျှား၏ ပထမဦးဆုံး ဆောင်းပါးလက်ရာ ဖြစ်သည် ။

ပထမဦးဆုံး မဂ္ဂဇင်းဝတ္ထုရှည်"လျှို့ဝှက်သော စာအိတ်ကြီး" (The Secret Envelope) သည် ပြည်တော်မူ မဂ္ဂဇင်းတွင် စတင်ရေးသားခဲ့ပြီး ပြည်တော်မူ ကုမ္ပဏီမှ ပင် သုံးမတ်တန် လုံးချင်းစာအုပ်အဖြစ် စတင် ထုတ်ဝေခဲ့ပါသည် ။ ဘားမင်းနီးယား ဖလင်ရုပ်ရှင် ကုမ္ပဏီမှ ဒါရိုက်တာ ဦးထိန် လာရောက် ဝယ်ယူပြီး ရုပ်ရှင်ရိုက်ကူးခဲ့ရာ ၁၉၂၃ ခုနှစ်တွင် ရုံတင်ပြသခဲ့ရသည် ။

ဂျပန်ခေတ်တွင် ကုန်သည် အဖြစ် လုပ်ကိုင်ရင်း အစိုးရ ပြန်ကြားရေးဌာနတွင် လက်ထောက် အယ်ဒီတာ၊ စစ်ပြီးခေတ်တွင် ယနေ့အမျိုးသမီးမဂ္ဂဇင်း၊ သတင်းစုံ (Tib Bit) ဂျာနယ်၊ ဗမာခေတ်နှင့် ရှေ့ဆောင်သတင်းစာများ ၌ သတင်းအယ်ဒီတာ၊ နောက် စာပေဗိမာန်တွင် စာပြု၊ လက်ထောက် စာတည်း စသဖြင့် လုပ်ကိုင်ခဲ့သည် ။ ဒဂုန်ရွှေမျှားသည် ၁၉၁၄ ခုနှစ်မှ အစပြု၍ ကွယ်လွန်သည် အထိ စာရေးသက် (၅၈) နှစ်အတွင်း စာအုပ်လုံးချင်း (၆၀)ကျော် (စုံထောက် ဦးထင်ကျော်၊ ထောင်မင်း

သား ဦးဘိုးထော်၊ ကလိန်မောင်မောင်ထွန်း၊ အင်မ်ကြာရိုး၊ စောရမောင်၊ ကလိမ်ခြိုရှေ့နေ အစရှိသောပင်ကိုရေးနှင့် မှီငြမ်း ဝတ္ထုတိုပေါင်းချုပ် အပါအဝင် ဝတ္ထုတိုပေါင်း (၄၇၃)ပုဒ်၊ ဘာသာပြန်နှင့် မှီငြမ်းဝတ္ထုတို/ရှည် (၁၁၆) ပုဒ်၊ ဘာသာပြန်နှင့် မှီငြမ်း ပြုစာအုပ် (၆၁)အုပ်၊ ပင်ကိုရေးဝတ္ထု စာအုပ် (၁၉) အုပ်၊ ဘာသာပြန်နှင့် ပင်ကိုရေး ဆောင်းပါးပေါင်း (၁၄၇) ပုဒ်၊ ဘဝအတွေ့အကြုံ စာအုပ် (၁) အုပ်)စသဖြင့် ရေးသား ထုတ်ဝေခဲ့ရသည် ။

ဒဂုန်ရွှေမျှားသည် စာပေဆု သုံးကြိမ်ရရှိခဲ့ရာ ၁၉၅၉ ခုနှစ်တွင် စာပေဗိမာန် ဘာသာပြန်ဆုအဖြစ် "ရော်ဘင်ဆင်ကရူးဆိုး" (Robinson Crusoe) စာအုပ်ဖြင့် ပထမဦးဆုံး အကြိမ် ရရှိခဲ့ပြီး၊ ၁၉၆၃ ခုနှစ်တွင် အမျိုးသားစာပေဆု၊ အနုပညာစာပေ ဘာသာပြန် ဝတ္ထုဆုအား "မြို့ဝန်မင်း၏ဘဝခရီး" (The Mayer of Casterbridge) ဝတ္ထုဖြင့် ရရှိခဲ့သည် ။

နောက်ဆုံး ၁၉၇၂ ခုနှစ်တွင် စာပေဗိမာန်စာမူပြိုင်ပွဲ၊ ဘာသာပြန်စာပေဆုအဖြစ် "မွန်းတည့်ရန် (၂) မိနစ်အလို" စာအုပ် (စာမူ) ဖြင့် ဒုတိယဆု ရရှိခဲ့သည် ။

ဝတ္ထုစာပေ လက်ရာများ အပြင် ခရီးသွားစာပေ၊ စာပေသမိုင်းစာပေ "မြန်မာနိုင်ငံ စာပေဆုများ " ပထမတွဲ၊ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာပေ (ဘဝနှင့် အတွေ့အကြုံ (Quality) စာအုပ်တိုက်၊ ၂၀၁၀ ဒုတိယအကြိမ်)၊ ရုပ်ပုံလွှာဆောင်းပါးများ (ဂျာနယ်ကျော် ဦးချစ်မောင်၊ မင်းဆွေ စသဖြင့်) ရေးသားပြုစုခဲ့သည် ။

ဆရာကြီးဒဂုန်ရွှေမျှားသည် ၁၉၈၂ ခုနှစ်၊ မေလ (၂၈) ရက်နေ့တွင် ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်ခဲ့သည် ။ အသက် (၈၇) ခုနှစ် အရွယ်တွင် ကွယ်လွန်ခြင်း ဖြစ်သည် ။ ရုပ်ရှင်ဒါရိုက်တာ စိန်ဖေတင် (ကွယ်လွန်)

အပါအဝင် သားသမီး (၅) ဦး ကျန်ရစ်ခဲ့သည် ။

ယခုအခါ ဆရာကြီးရေးသားခဲ့သော စာပေလက်ရာများ အားလုံးအား လက်လှမ်းမီသလောက် ရှာဖွေလျက် Quality စာအုပ်တိုက်မှ တစိုက်မတ်မတ် ထုတ်ဝေလျက် ရှိပါသည် ။

***** ***** *****

# လက္ခဏာဆရာကြီး အင်မ်ကြာရိုးနှင့် တွေ့ဆုံခြင်း

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီ (၁၀) နှစ်ခန့်က ကျွန်တော်သည် လွှစ္စလမ်း (ဆိပ်ကမ်းသာလမ်း) တွင် စုံထောက်ကြီး ဦးထင်ကျော်ဆိုသူ မိတ်ဆွေတစ်ဦးနှင့် အတူနေထိုင်ခဲ့ရာ ကျွန်တော်၏ အလုပ်အကိုင်မှာ မဂ္ဂဇင်း၊ သတင်းစာတိုက်များ သို့ ဆောင်းပါးများ နှင့် ဝတ္ထုတို၊ ဝတ္ထုရှည်များ ရေးသွင်းခြင်း၊ မြန်မာ့အလင်းသတင်းစာ တိုက်တွင် ညဥ့်အယ်ဒီတာလုပ်ခြင်း၊ ခုနစ်ရက်တစ်ပတ်ထုတ် ဂျာနယ်တိုက်တစ် တိုက်တွင် တစ်နေ့လျှင် နှစ်နာရီမျှ လက်ထောက်အယ်ဒီတာလုပ်၍ ဘာသာပြန်ပေး ခြင်း အစရှိသော အလုပ်တို့ ဖြင့် အသက်မွေးမြူ နေထိုင်ခဲ့လေသည် ။

ဤသို့ နေထိုင်စဉ် ဦးထင်ကျော်သည် အပြင်မှ လာရောက်ငှားရမ်းသည့် အမှု များကို လိုက်လံစုံထောက်ခြင်း၊ လူဆိုးများအား ဖမ်းဆီးရာတွင် ပုလိပ်တို့ အား လျှို့ဝှက်စွာ အကူအညီပေးခြင်း၊ လူဆိုးများ နှင့် ပတ်သက်သည့် ကိစ္စမှန်သမျှ၌ တစ်ခါတစ်ရံ ပုလိပ်များ သည် အခက်အခဲနှင့် တွေ့ကြုံသည့် အခါ ကိုယ်ထိလက် ရောက် ကူညီပေးခြင်းများကို ပြုလေသည် ။

တစ်နှစ်ခန့်မျှ နေမိသောအခါ ကျွန်တော်သည် ဦးထင်ကျော်နှင့် အတူ လိုက်ရ ဖန်များ သဖြင့် အရာရှိများ ထဲမှ လည်း နန်းရင်းဝန်ကြီးသို့ တိုင်အောင် မိတ်ဆွေဖြစ် ခဲ့၏။ သူဌေး၊ သူကြွယ်ကုန်သည် များ နှင့် လည်းကောင်း၊ အောက်တန်းစားများ ထဲမှ လည်း ဘိန်းစား၊ ခါးပိုက်နှိုက်၊

ဂျပိုး၊ တေလေမကျန် ဦးထင်ကျော်မှာ ပေါင်းသင်း ထိုက်သည် ဟု ယူဆကာ ပေါင်းသင်းသဖြင့် အသိအကျွမ်းဖြစ်ခဲ့၏။ ဦးထင်ကျော်၏ ထူးခြားချက်တစ်ခုမှာ ဤသို့ လူအမျိုးမျိုးနှင့် ပေါင်းသင်းဆက်ဆံရာ၌ လူတစ်ယောက် အား ဂုဏ်ကြီးသည် ၊ ရာထူးကြီးသည် ၊ ပစ္စည်းဥစ္စာ ပြည့်စုံသည် ဟူ၍ အမွန်းတင်လွန်း ခြင်းလည်း မရှိ။ ဆင်းရဲသည် ၊ လူဆိုးဖြစ်သည် ၊ အဝတ်အစားနွမ်းပါးသည် ဟူ၍ နှိမ့်ချ သည် လည်း မရှိ။ လူတန်းတစ်တန်းစားတည်းကဲ့သို့ ခပ်မှန်မှန်သာ ပေါင်းသင်းဆက် ဆံတတ်ခြင်းဖြစ်၏။ သို့ဖြစ်၍ လည်း အလွန်ဆိုးသွမ်း ဟော့ရမ်းသော "လူမိုက်"အခေါ်ခံသူများ ပင် ဦးထင်ကျော်အား လေးစားကြည်ညိုကြလေသည် ။

တစ်နေ့သော နံနက်ခင်း၌ မိုးသည် တဖျောက်ဖျောက် ရွာလျက်ရှိသဖြင့် အိမ်ရှေ့လက်ဖက်ရည်ပွဲသို့ ရောက်နှင့် ပြီးဖြစ်သော ကျွန်တော်မှာ အိပ်ရာက မထချင် ထချင် ထခဲ့ရ၏။ နောက်ဖေးချောင်သို့ သွား၍ ကိုယ်လက်သန့်စင်ခဲ့ပြီးလျှင် စားပွဲ တွင် ထိုင်မိသောအခါ ဦးထင်ကျော်သည် ပေါင်မုန့်ထောပတ်သုတ်နှင့် ကော်ဖီပန်း ကန်ကို ကျွန်တော့်အနီးသို့ ထိုးပေးပြီးနောက် ...

"ဒီနေ့တော့ နည်းနည်းမိုးအေးတာနဲ့ ကိုဘိုးလူကို ကော်ဖီပဲ ဖျော်ခိုင်းတယ်ဗျို့။ ဘယ်နှယ့်လဲ ... ကိုတင်မောင်။ ကော်ဖီသောက်ရဲ့ မဟုတ်လား
"

"သောက်ပါတယ်ဗျာ"

"ဟောဒီမှာ ပေါင်မုန့်စားဦးလေ။ ဩော် ... ဒါထက် ဒီနေ့ တနင်္ဂနွေနေ့ မဟုတ် လားဗျို့"

"ဟုတ်ပါတယ် ... ဘာပြုလို့ လဲဗျ။ ဘာမှုများ ရှိပြန်ပြီလဲ"

"ဘာမှုမှ မရှိပါဘူးဗျာ။ အခုတလော အမှုပြတ်နေတာ ခင်ဗျား အသိ

သားနဲ့ ။ ဒါနဲ့ ခင်ဗျားကို ဒီကနေ့ လူထူးလူဆန်းတစ်ယောက်နဲ့ မိတ်ဆွေဖွဲ့ပေးမလို့ "

"ဘယ်သူလဲဗျ ... ပြောစမ်းပါဦး"

"သြော် ... ခင်ဗျားကို တစ်ခု မေးရဦးမယ်။ ဗေဒင်တို့ ၊ လက္ခဏာတို့ ခင်ဗျား ယုံသလား"

"ယုံတယ်လည်း မဟုတ်ဘူး ။ မယုံဘူးလည်း မဟုတ်ပါဘူး ဦးထင်ကျော်ရယ်။ နို့ပေမဲ့ ... ဘယ်တော့မှ ကျွန်တော် ဗေဒင်တော့ မှတ်မှတ်ရရ မမေးဖူးပါဘူး"

"ဒီလိုဗျ ... ကိုတင်မောင်ရဲ့ ။ ကျုပ်တို့ မြန်မာလူမျိုးတွေထဲက ဗေဒင်လက္ခဏာ ပညာကို သိပ်ပြီး အောက်တန်းကျတဲ့ ပညာလို့ ထင်ခဲ့တယ်။ အယုံအကြည်လည်း သိပ်မရှိကြဘူး။ ပညာတတ်တဲ့ သူများကလည်း ကိုယ့်ကိုယ်ကို အဖိုးမတန်အောင် နေကြတယ်။ တတ်ပြီးသားပညာကို ပြန့်ပွားအောင်လည်း မလုပ်ကြဘူး။ သူတို့ ကိုယ်တိုင်လည်း ဆရာကောင်း တပည့်ခံပြီး ထိထိရောက်ရောက် မဆည်းပူးတော့ ဘယ်နေရာမဆို စမ်းတဝါးဝါး ဖြစ်နေတယ်။ နိုင်ငံခြားပညာနဲ့ ဆက်စပ်ပြီး သုံးဖို့ ဆိုတာတော့ ဝေလာဝေးရော။ ဒီတော့ ဒီပညာက ရှေ့ကို တဖြည်းဖြည်း တိမ်ကောဖို့ ပဲ ရှိတော့တယ်"

"အခကြေးငွေကလည်း ကောင်းကောင်း မရကြဘဲကိုးဗျ"

"မရတာလည်း မပြောနဲ့ လေ။ သူတို့ နေပုံထိုင်ပုံက မဟုတ်ဘူး ။ အပြောအဟော ကလည်း ဒီလောက် အားမကိုးရဘူး။ ဥပမာဗျာ-ခင်ဗျား မှ၂ တစ်ထောင်တန် စိန် လက်စွပ်တစ်ကွင်း ပျောက်သွားတယ်ဆိုပါတော့။ ပြန်ရအောင်သာ တကယ်လုပ် ပေးနိုင်မယ်ဆိုရင် ငါးရာ မပေးနိုင်ဘူးလား"

"ဒါတော့ ပေးနိုင်မှာ ပေါ့"

"နို့ပေမဲ့ ... မြန်မာလူမျိုးတိုင်းကိုလည်း အထင်မသေးနဲ့ ဦး ဆရာရေ့။ တကယ် တော်တဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်။ လူတစ်ယောက်လက်ကို တစ်မိနစ်လောက် ကိုင်ကြည့်ရုံနဲ့ ဒီလူ ဘယ်နေ့သေမယ်ဆိုတာ ပြောနိုင်တယ်။ ခင်ဗျား ချူးလာတဲ့ သစ်ရွက် ကလေးတစ်ရွက်ကို မြင်ရုံနဲ့ သုံးမိနစ်အတွင်း ခင်ဗျား ဘာဖြစ်မယ်ဆိုတာ ပြောနိုင်တယ်"

"ဟုတ်ပ့ါမလား ... ဆရာရယ်"

"ဟိုရောက်တော့ ခင်ဗျား သိလိမ့်မယ်။ အဲဒီလူနဲ့ ခင်ဗျားကို ဒီကနေ့ မိတ်ဆွေဖွဲ့ပေးမလို့ "

"နာမည်က ဘယ်သူတဲ့ လဲဗျာ"

"လက္ခဏာဆရာကြီး အင်မ်ကြာရိုးတဲ့ "

"ကျွန်တော် ကြားဖူးသလိုလို ရှိတယ်ဗျို့။ နေဦး ... ဝေလမင်းသား ထီးနန်းစွန့် လိမ့်မယ် ဟောလို့ ပုလိပ်ကတောင် မေးလားမြန်းလား အလုပ်ခံရတဲ့ လူဆိုတာ မဟုတ်လား။ တယ်တော်တဲ့ လူပဲ"

"သူပေ့ါဗျ ... ဂျူန် ထ,လိမ့်မယ်ဆိုတာ သူ ဟောဖူးတာပဲ။ တော်ဆို အခြေခံ ကလည်း အတော်ကောင်းပေတာကိုးဗျ။ မန္တလေးမှာ ကိုးနှစ်ပညာသင်ပြီးနောက် အင်္ဂလန်မှာ တစ်နှစ်၊ ဂျာမဏီမှာ တစ်နှစ်၊ အီတလီမှာ တစ်နှစ်၊ အီဂျစ်မှာ တစ်နှစ်၊ အိန္ဒိယမှာ သုံးနှစ်နေပြီး ဗေဒင် လက္ခဏာပညာကို လိုက်စားဖူးတယ်။ အိန္ဒိယမှာ ရှိတုန်းကလည်း ဟိမဝန္တာတောင်ကို သွားပြီး ယောဂီတွေနဲ့ အတူ ခြောက်လလောက် ဂူအောင်း၊ သစ်သီးစားပြီး ဒီပညာကို ကုတ်ကုတ်ကတ်ကတ် လေ့လာခဲ့ဖူးသတဲ့ ဗျ။ ဒီတော့ သူ့ပါးစပ်က ပြောလိုက်ရင် မှန်လေတော့ အစိုးရကတောင်

သူ့ကို အတော် အရေးပေးရတယ်"

ဦးထင်ကျော်သည် ကော်ဖီသောက်ပြီးနောက် ဆေးတံကို မီးညှိရင်း " ကိုင်း ... ဒီကနေ့တော့ ကိုတင်မောင်ကို လက္ခဏာဆရာကြီး အင်မ်ကြာ ရိုးနဲ့ မိတ်ဖွဲ့ပေးရဦး မှာ ပဲ။ ကိုင်း ... ထလေဗျာ။ မိုးလည်း အတော်စဲသွားပါပြီ"

ငင်းနောက် ကျွန်ုပ်တို့ သည် အဝတ်အစားလဲ၍ မြင်းရထားတစ်စီးနှ င့် အင်မ်ကြာရိုးရှိရာ သွန်မဆင်လမ်း(ဗိုလ်တထောင် ဘုရားလမ်း) သို့ လာခဲ့ကြလေ၏။

မြင်းရထားသည် သုံးထပ်တိုက် တစ်တိုက်ရှေ့တွင် ရပ်၍ ဦးထင်ကျော်လည်း ရထားခပေးခဲ့ပြီးနောက် ကျွန်တော့်အား တိုက်ပေါ် သို့ ခေါ်သွားလေသည် ။

အလယ်ထပ်သို့ ရောက်လျှင် လက်ဝဲတံခါးတစ်ခုရှေ့၌ ကြေးဆိုင်းဘု တ်တစ်ခု တွင် "အင်မ်ကြာရိုး လက္ခဏာဆရာကြီး" ဟု ရေးထားသည် ကို တွေ့မြင်ရလေသည် ။

ဦးထင်ကျော်သည် တံခါးကို ခေါက်လိုက်သောအခါ (၁၃) နှစ်အရွယ် ခန့်ရှိ

မိန်းကလေး တစ်ယောက်သည် တံခါးကိုဖွင့်ပေးပြီးနောက် အတွင်း သံတံခါးကို မဖွင့် သေးဘဲ ကိစ္စကို မေးမြန်းလေရာ၊ ဦးထင်ကျော်လည်း မိမိကတ်ပြားကလေးကို မိန်း ကလေးလက်ထဲသို့ ထည့်လိုက်၏။

မိန်းကလေးသည် များ မကြာမီ ပြန်ရောက် လာပြီးနောက် အတွင်းမှ သံတံခါး တစ်ဆင့်ကို ဖွင့်လိုက်ရာ ကျွန်တော်တို့ လည်း အခန်းတွင်းသို့ ဝင်သွားကြလေ၏။

မိန်းကလေးသည် ကျွန်တော်တို့ အား ဧည့်ခန်းသို့ပို့ပြီးနောက် ခေတ္တစောင့်ဆိုင်းရန် ပြောပြီးလျှင် အတွင်းခန်းသို့ ဝင်သွားလေသည် ။

ဧည့်ခန်း၌ ကား ဥရောပတိုက်သား အရာရှိကြီးများ အိမ်ကဲ့သို့ အမွေးရှည် ကော်ဇောပေါ်တွင် ဆိုဖာလေးလုံးနှင့် ဆက်တီတစ်ခုကို အလယ်စားပွဲနှင့် တကွ ထားရှိလေရာ ငွေပန်းအိုးကြီး လေးလုံး တို့ သည်လည်း အခန်းထောင့်လေးခု စင်မြင့်များ ပေါ်၌ ထားရှိလေသည် ။ အလယ်စားပွဲပေါ်ရှိ ငွေကလပ်တွင် လတ်ဆတ်သော နှင်း ဆီဖြူပွင့်များ သည် ဧည့်သည် များအား ဖိတ်ခေါ်၍ နေသကဲ့သို့ တင့်လှပေ၏။

သို့ဖြစ်၍ အင်မ်ကြာရိုးဆိုသူမှာ သာမန်ဗေဒင်ဆရာတစ်ယောက်ထက် ပညာ တတ်သလောက် အထက်တန်းကျ၍ အနေအထိုင် ကြည့်ရှုခြင်းအားဖြင့် ဥစ္စာကြွေးငွေ အရာဌာနဌ် အတော်ပင် ခိုင်လုံသူတစ်ယောက် ဖြစ်ချေမည်ဟု ခန့်မှန်းမိ၏။

နှစ်မိနစ်မျှကြာသောအခါ အတွင်းဘက်တံခါးသည် ရုတ်တရက်ပွင့်လာပြီး အလွန်ကျစ်လျစ် သေးသွယ်၍ အရပ် (၅) ပေ (၈) လက်မခန့် လူတစ်ယောက်သည် ကျားသစ်ရေဖြင့် ချုပ်ထားသော ကျားပါးစပ် ဖိနပ်ကိုစီးကာ ညင်သာလှစွာသော ခြေ လှမ်းဖြင့် ကျွန်တော်တို့ ရှိရာသို့ လာလျက်ရှိ၏။

ဗေဒင်ဆရာကြီး အင်မ်ကြာရိုးဟူသော အမည်အားဖြင့် သျှောင်ချောကြီးကိုထုံး လျက်၊ ယောပုဆိုးတောင်ရှည်ကို ဝတ်ဆင်သည့် လူစားမျိုးဟူ၍ မှတ်ထင်ခဲ့ပါလျှင် မှားယွင်းချေတော့မည်။ ပိုးဘောင်းဘီ အဖြူပွကြီးကိုလည်းကောင်း၊ နက်ပြာရောင် ဘလေဇာကုတ်အင်္ကျီကိုလည်းကောင်း ဝတ်ဆင်ကာ ဘိုကေကို သပ်ယပ်စွာ နောက်သို့ လှန်ဖြီးထား၏။

အသားမှာ ခပ်လတ်လတ်ဖြစ်၍ နက်မှောင်ဖြောင့်စင်းသော မျက်ခုံးတို့ မှာ ကျယ်ဝန်းသော မဟာနဖူးကြီးနှင့် ကြည်လင်တောက်ပသော မျက်လုံးများကို ပိုင်းခြားထားဘိသကဲ့သို့ ရှိလေသည် ။ ဘဲဥပုံသဏ္ဍာန်မျက်နှာမှာ ခပ်သွယ်သွယ်ရှိသော် လည်း အောက်တွင် ကြံ့ခိုင်သော မေးရိုးကြီးများ ရှိနေသဖြင့် ကြည့်၍ ကောင်းရုံမျှ ရှိ၏။ နှာတံပေါ်လွင်ပြီးလျှင် ပါးစပ်မှာ လည်း ပိရိသေသပ်လှလေရာ ဥပဓိရုပ်အားဖြင့် ဤမျှလောက် ထူးခြားသော ယောကျ်ားတစ်ယောက်ကို လူတစ်ထောင်လျှင် တစ် ယောက်မျှ တွေ့မြင်ရန် ခဲယဉ်းကြပေလိမ့်မည်။

အင်မ်ကြာရိုးသည် ကျွန်တော်အား လူစိမ်းတစ်ယောက်ဖြစ်သဖြင့် တစ်ချက်မျှ လှမ်းကြည့်ပြီးနောက် မျက်နှာလွှဲလိုက်ရာ ဤသို့ ကြည့်လိုက်သည့် ခဏ၌ ကျွန်တော့် ဝမ်းတွင်းရှိ စိတ်အကြံအစည်ကို အူသိမ်အူမမကျန် ထွင်းဖောက်သိမြင်သွားသကဲ့ သို့ ခံစားလိုက်ရ၏။

သူ၏ အရွယ်ကား (၄၀) ပတ်ဝန်းကျင်လောက်၌ ရှိမည်ဟု ခန့်မှန်းရ၏။

အင်မ်ကြာရိုးသည် စုံထောက်ဦးထင်ကျော်အား အားပါးတရ လက်ဆွဲနှုတ် ဆက်ပြီးလျှင် ၎င်းနှင့် မျက်နှာချင်းဆိုင် ဆိုဖာပေါ်တွင် ထိုင်လိုက်၏။

"ဘယ်နှယ့်လဲ ... ဦးထင်ကျော်။ မပေါ်လာတာ အတော်ကြာပါပကော"

"မပေါ်လာဆို အခုတလော ခင်ဗျားတို့ အရှေ့ပိုင်းဘက် မရောက်နိုင်ပါဘူးဗျာ။ သြော် ... ဒါထက် ဟောဒီ ကိုတင်မောင်ဆိုတာ ကျုပ်နဲ့ အတူနေတဲ့ မိတ်ဆွေပဲဗျ။ အလုပ်ကတော့ စာရေးဆရာ ဆိုပါတော့။ ခင်ဗျား အကြောင်း စကားစပ်ပြီး ပြောဖူး လေတော့ သူလည်း ခင်ဗျားနဲ့ မိတ်

ဆွေဖြစ်ချင်တာနဲ့ အလည်ခေါ်ခဲ့ရတယ်" ဟု ပြောလိုက်သောအခါ အင်မ်ကြာရိုးလည်း ကျွန်တော့်အား တစ်ချက်မျှ ပြုံးကြည့်

လိုက်ရာ ကျွန်တော်ကလည်း ပြန်၍ ပြုံးလိုက်ရ၏။

"ဒီလိုပေါ့ ... ကိုတင်မောင်ရယ်။ ရောက်တဲ့ အခါ ဝင်တာပေါ့ ... ဟုတ်လား။ အနည်းဆုံး လက်ဖက်ရည်တော့ သောက်ရပါတယ်"

ထိုခဏ၌ တံခါးဖွင့်ပေးသော အစေခံမကလေးသည် လက်ဖက်ရည်ပွဲကို ယူ လာပြီးလျှင် စားပွဲပေါ်၌ ရိုသေစွာချထားသဖြင့် ကျွန်တော်တို့လည်း လက်ဖက်ရည် များကို သောက်လျက်ရှိကြကုန်၏။

လက်ဖက်ရည်များ သောက်ပြီးနောက် အင်မ်ကြာရိုး တည်ခင်းသော ဂိုးလ် ဖလိပ်စီးကရက်များကို သောက်လျက်ရှိရာ ကျွန်တော်၏ ညာဘက်လက်သည် ဆေးလိပ်ပြာခံသည့် ငွေလင်ပန်းကလေးပေါ်သို့တင်ကာ စီးကရက်မှ ပြာကို ခပ် ဖြည်းဖြည်း ခါလျက်ရှိလေ၏။

ပြာခွက်ကလေးမှာ အင်မ်ကြာရိုး ရှေ့တည့်တည့်တွင် ရှိ၍ အင်မ်ကြာရိုးသည် ကျွန်တော်၏ လက်ကို နီးကပ်စွာမြင်ရလေရာ ဦးထင်ကျော်နှင့် စကားပြောရင်း တစ် မိနစ်ခန့်မျှ စိုက်၍ ကြည့်နေလေ၏။

ထို့နောက် စကားပြောနေသည် ကို ဖြတ်၍ ...

"ဒီက မိတ်ဆွေ ကိုတင်မောင်ဟာ စာပေမှ စပြီး သုခမပညာကို အင်မတန်လိုက် စားချင်တဲ့ သူတစ်ယောက်ပဲ။ ဒါထက် မေးတာသည်းခံနော်။ ကိုတင်မောင်မှာ မိဘ နှစ်ပါးစလုံး ဆုံးခဲ့ပြီး ကိုယ်ဒူးကိုယ်ချွန် လုပ်စားခဲ့တာ ရှစ်နှစ်လောက်ရှိပြီ မဟုတ် လား"

"ဆရာကြီး ပြောတာ အားလုံးမှန်ပါတယ် ခင်ဗျာ"

ဦးထင်ကျော်သည် ကျွန်တော်၏ မျက်နှာကိုကြည့်ကာ ဘယ့်နှယ်လဲ

ဟူသော အဓိပ္ပာယ်မျိုးဖြင့် ပြုံးလိုက်သေး၏။ ထို့နောက် အင်မ်ကြာရိုးသည် ဦးထင်ကျော်နှင့် စကားဆက်လျက် ရှိပြန်လေသည် ။

"ဦးထင်ကျော်တို့ ရောက်တာ သိပ်အဆင်သင့် သဗျာ"

"ဘာပြုလို့ လဲဗျာ"

"ဒီနေ့မနက် ကျုပ်မိတ်ဆွေတစ်ယောက်ကို အကြောင်းပြုပြီး မဂိုလမ်း (ရွှေဘုံ သာလမ်း)က ချစ်တီးသူဌေး တစ်ယောက် ရောက်လာလိမ့်မယ်ဗျ။ အမှုက ပစ္စည်း သုံးသောင်းဖိုးခန့်လောက် ရတ်တရက်ပျောက်သွားတဲ့ အမှုပဲ။ ဒီပစ္စည်းပျောက်ပုံက လည်း ထူးဆန်း၊ တန်ဖိုးကလည်း များ ၊ ပုလိပ်ကိုလည်း မသိစေချင်တော့ ဒီကိစ္စမှာ ကျုပ်ဖြင့် တတ်နိုင်ရဲ့ ဆိုပြီး မဂိုလမ်း(ရွှေဘုံသာလမ်း) က ကျုပ် မိတ်ဆွေ ပွဲစားတစ် ယောက်က ကျုပ်ဆီကို လမ်းညွှန်တာကိုးဗျ။ ဒီကနေ့ မနက် ကိုးနာရီကို ချိန်းထား တယ်"

"ဟာ ... ဒီလို လူမသိစေချင်တဲ့ ကိစ္စဆိုရင် ကျုပ်တို့ ရှိလို့ ဖြစ်ပ့ါမလားဗျာ"

"ဖြစ်တာပေ့ါဗျ။ ကျုပ်က ခိုင်လုံတဲ့ သက်သေတစ်ယောက် ရှိစေချင်တာပဲ။ ဒီလို ကိုထင်ကျော်ရဲ့ ။ ပစ္စည်းပျောက်တဲ့ ကိစ္စဆိုတာ ကိုယ်ကိုယ်သူသူ ကိုယ့်ပစ္စည်း ကို အင်မတန် နှမြောကြတယ် မဟုတ်လား။ ချစ်တီးဆိုတဲ့ လူမျိုးတော့ မပြောနဲ့ တော့။ ပြီးတော့ အခု ပျောက်တဲ့ ပစ္စည်းက ( ၂၇၀၀၀) ကျပ်ကျော်ဖိုးလောက် ရှိတဲ့ လက်ဝတ်လက်စားတွေ၊ ဒီတော့ ဥစ္စာရှင်ဆိုတာ ပစ္စည်းပြန်ပြီးမရခင်တော့ ကျေးဇူး မမေ့ပါဘူး၊ ဘာဘာညာညာနဲ့ ပြောပြီး ပစ္စည်းကို တကယ်ပြန်ရလာတဲ့ အခါ တွန့်တိုတတ်ကြတယ် ကိုထင်ကျော်ရဲ့ "

"ဒါတော့ အမှန်ပေ့ါဗျ"

"ဒီတော့ အခုကိစ္စမှာ ကြားထဲက ဆန်ပွဲစားဦးဘရွှေ ပြောတဲ့ အတိုင်း သူတို့ ပျောက်တဲ့ ပစ္စည်းနဲ့ ပျောက်သွားတဲ့ အကြောင်း သိရတဲ့ အချိန်နာရီကို ကြည့်လိုက် ကတည်းက ပြန်ရဖို့ လက္ခဏာရှိတယ်လို့ ကျုပ်ထင်တယ်။ ဒီတော့ ကျုပ် ဟောမယ် ဆိုရင် ပိုင်ပိုင်နင်းနင်း စာချုပ်ပြီးမှ ကျုပ် ဟောရလိမ့်မယ်။ မဟုတ်ဘူး လားဗျာ။ ဟော လှေကားက ခြေသံကြားတယ်ဗျို့။ ကိုးနာရီလည်း ထိုးတော့မယ်။ ကျုပ် ဧည့်သည် တွေနဲ့ တူတယ်"

လှေကားမှ တက်လာသော ခြေသံများ သည် အလယ်ထပ်တွင် ရပ်တန့်ပြီး နောက် တံခါးခေါက်သံ ကြားရလေသည် ။ အစေခံမကလေးသည် တံခါးကို ဖွင့်ပေး ရာ အသက် (၄၀) ခန့်ရှိ ရုပ်ရည်သန့်ပြန့်သော ချစ်တီးလူမျိုးတစ်ယောက်နှင့် အသက် (၅၀) ခန့်ရှိ မြန်မာလူမျိုးတစ်ယောက်ကို တွေ့မြင်ရလေသည် ။

အင်မ်ကြာရိုးသည် ဧည့်သည် များကို နေရာထိုင်ခင်း ပေးပြီးနောက် ချစ်တီး ဘက်သို့ လှည့်၍ ...

"ဘယ်နှယ့်လဲ ... သူဌေးကြီး။ ကျုပ် ဘယ်လိုသဘောကျတယ်ဆိုတာ ဟောဒီက ပွဲစားကြီး ဦးဘရွှေကို အားလုံးပြောလိုက်ပြီ။ ဘယ်နှယ့်လဲ ... သဘောတူရဲ့ မဟုတ်လား"

"ပြန်သာရပါစေ ဆရာကြီး။ ကျွန်တော် စကား မဖျက်ပါဘူး။ ဒါပေမဲ့ ... (၅၀၀၀) ကျပ်ဆိုတော့ များ လွန်းလှတယ် ဆရာကြီး။ (၃၀၀၀) ကျပ်လောက်ဆိုရင် ..."

စကားမဆုံးမီ ...

"ကျုပ်စကားကို တစ်ခွန်းပဲ ပြောတဲ့ လူ"

စိတ်ဆိုးမှန်း သိသဖြင့် ...

"ဒါဖြင့်လည်း ပေးပါတော့မယ် ခင်ဗျာ"

"ကိုင်း ... ဒါဖြင့် ပျောက်ပုံကို ပြောပြစမ်း။ တစ်ခုမှ မမှန်တာ မပါစေနဲ့ "

"ဒီလိုပါ ခင်ဗျာ။ ကျွန်တော်က ဒုတိယ ကိုယ်စားလှယ်ပါ။ မြန်မာပြည်ကို ရောက်တာ တစ်နှစ်လောက် ရှိပါပြီ။ အရင်ပထမ ကိုယ်စားလှယ်ကြီး ပြန်ခါနီးမှာ ကျွန်တော်နဲ့ အလုပ်လွှဲတော့ အပေါင်ခံလို့ ဆုံးနေတဲ့ စိန်ထည်ရွှေထည်အားလုံး ဟိုအခါက

ပေါက်ဈေးနဲ့ မှန်းဆလိုက်ရင် (၃၅၀၀၀) ဖိုးလောက် ရှိလိမ့်မယ် ခင်ဗျ။ အဲဒါကို ကျွန် တော်က လက်ငင်း ငွေ (၂၅၀၀၀) ချေပြီး ယူထားလိုက်ပါတယ်"

"ခင်ဗျားတို့ အစုစပ်ကုမ္ပဏီ မဟုတ်လား"

"မှန်ပါတယ် ... ဆရာကြီး။ နို့ပေမဲ့ ... ဒီပစ္စည်းဟာ ကုမ္ပဏီပိုင်ပစ္စည်း မဟုတ်ဘူး ခင်ဗျာ။ ကျွန်တော့် ကိုယ်ပိုင်ပစ္စည်းပါ။ မီးခံသေတ္တာထဲမှာ အဝတ်တွေအောက်က ပိတ်စတစ်ခုနဲ့ ထုပ်ထားတယ်ခင်ဗျ။ သော့ကိုလည်း ရေချိုးတဲ့ အခါကလွဲလို့ ဘယ် တော့မှ မချဘူး။ ဒါနဲ့ မနေ့မနက် ရွှေတောင်တန်းက ကျွန်တော့် မိတ်ဆွေသူဌေး တစ် ယောက်က မင်္ဂလာဆောင်ကိစ္စတစ်ခုအတွက် စိန်လည်တုံရအောင် ရှာပေးစမ်းပါ လို့ အပူကပ်တာနဲ့ သေတ္တာကို ဖွင့်ကြည့်လိုက်တော့ အထုပ်မရှိတော့ဘူး ခင်ဗျာ"

"မနေ့က စနေနေ့နော်"

"ဟုတ်ပါတယ်"

"အထုပ်မရှိတာတွေ့ရတော့ (၈) နာရီ ထိုးပြီးပြီဆို မဟုတ်လား"

"မှန်ပါတယ် ဆရာကြီး"

"ခင်ဗျား အိမ်သားတွေအကြောင်း ပြောပါဦး"

"အိမ်မှာ လူများများ မရှိပါဘူး ခင်ဗျာ။ ကျွန်တော်ပါ သုံးယောက်တည်း ရှိပါတယ်။ တစ်ယောက်က ကျွန်တော့် စာရေးကြီး စွန်မစွန်ဒရမ် ခင်ဗျာ။ အရင်ကိုယ်စားလှယ်ကြီး လက်ထက်ကတည်းက အလုပ်လုပ်လာတဲ့ လူပါခင်ဗျာ။ ကုမ္ပဏီထဲမှာ အစုလည်း အများကြီးရှိပါတယ်။ ပစ္စည်းဥစ္စာလည်း ပြည့်စုံပြီး မြို့မှာ တောင် အိမ်တွေ၊ ရာတွေရှိတဲ့ လူတစ်ယောက်ပါ။ အခြားတစ်ယောက်ကတော့ ကျွန်တော် ကိုယ်တိုင် ခေါ်လာတဲ့ ကျွန်တော့် ထမင်းချက်လက္ခဏာဆိုတဲ့ အကောင်လေးပါ။ အသက်က (၂၀) လောက် ရှိပါသေးတယ်။ အင်မတန်ရိုးသားတဲ့ သူငယ်ကလေးပါ။ သို့သော် ကျွန်တော့်အခန်းထဲကို ဝင်နိုင်ထွက်နိုင်တာက သူတစ်ယောက်တည်း ရှိလေတော့ သူ့ကိုသာ ကျွန်တော်က သင်္ကာမကင်း ရှိခဲ့ပါတယ်"

"ပစ္စည်းပျောက်ပြီးကတည်း သူတို့ ဘယ်များ အသွားအလာ ရှိကြသေးသလဲ"

"ဘယ်မှ မသွားကြပါဘူး ခင်ဗျာ။ နှစ်ယောက်စလုံး အိမ်ထဲက အိမ်ပြင်တောင် မထွက်ကြပါဘူး။ ထွက်လေ့ထွက်ထလည်း မရှိကြပါဘူး"

"ကိုင်း ... ကျုပ် သိချင်တာ တော်လောက်ပြီ။ ခင်ဗျားမှာ စာချုပ်ပါသလား"

"ပါ,ပါတယ် ခင်ဗျာ"

"ကိုင်း ... ဦးတင်မောင်က စာရေးဆရာ လုပ်နေပေမဲ့ ရှေ့နေစာမေး

ပွဲ အောင်ပြီး သားလို့ ကိုထင်ကျော်က တစ်ခါပြောဖူးတယ် မဟုတ်လား"

"မှန်ပါတယ် ခင်ဗျာ"

"ကိုင်း ... ရေးစမ်းဗျာ။ ပထမ အကြမ်းစီပြီး ကြည့်တာပေါ့။ စာချုပ်သဘောက သူပျောက်သွားတဲ့ လက်ဝတ်လက်စား ပစ္စည်းတွေကို (၂၄) နာရီအတွင်း ဘယ်နည်း နဲ့ မဆိုရအောင် လုပ်ပေးနိုင်ရင် ငွေ (၅၀၀၀) ကျပ် လက်ငင်းပေးချေရမယ်။ မရလျှင် ဆရာ့အပေါ်မှာ တစ်စုံတစ်ရာ တာဝန်မရှိစေရ။ အထက်ပါအကြောင်းများကို ပစ္စည်း ပိုင်ရှင် အာလာကပ္ပချစ်တီးယားက သက်သေများ ရှေ့တွင် လက်မှတ်ရေးထိုး ကြောင်း ပေါ့"

"ကောင်းပါပြီ ..."

ကျွန်တော်သည် ပထမအကြမ်းဖျင်းရေးပြီးနောက် အားလုံးသဘောတူညီသော အခါ စာချုပ်စက္ကူပေါ်တွင် အချောရေးသားပြီးလျှင် အာလာကပ္ပချစ်တီးက လက်မှတ်ရေးထိုး၍ စာချုပ်၏ လက်ဝဲဘက်ထောင့်တွင် ပွဲစားကြီးဦးဘရွှေ၊ စုံထောက် ဦးထင်ကျော်နှင့် ကျွန်တော်တို့ က အသိသက်သေအဖြစ် လက်မှတ်ရေးထိုးရလေ သည် ။

၎င်းနောက် အင်မ်ကြာရိုးသည် ချစ်တီး၏ ကားနှင့် ပင် မဂိုလမ်း (ရွှေဘုံသာလမ်း)သို့ လိုက်ခဲ့ရန်ခေါ်သဖြင့် ကျွန်တော်နှင့် ဦးထင်ကျော်တို့ လည်း မဂိုလမ်းသို့ လိုက်ပါသွားကြရလေသည် ။

မဂိုလမ်း (ရွှေဘုံသာလမ်း)ရှိ သုံးထပ်တိုက်တစ်လုံးရှေ့သို့ ရောက်သောအခါ အာလာကပ္ပချစ်တီးသည် ကားကိုရပ်စေ၍ ကျွန်တော်တို့အား တိုက်တွင်းသို့ ခေါ်သွားလေ၏။ တိုက်မှာ ချစ်တီးတိုက် ဖြစ်သည့်အလျောက် အလွန်ထူထဲသော သစ်သားတံခါးကြီးများ အပြင်၊ အတွင်းမှ သံခေါက်တံခါး တစ်ချပ်ကို လည်းကောင်း၊ အပြင်ဖိနပ်ချွတ်တွင်

တစ်ကျပ်လုံးခန့်ရှိ သံတိုင်များကိုလည်းကောင်း စိုက်ထူထား ရှိသည် ကို တွေ့ရ၏။

တိုက်တွင်းရှိ မြက်သင်ဖြူးပေါ်တွင် ကျွန်တော်တို့ အား အလာကပ္ပချစ်တီးသည် လိမ္မော်သီး၊ ဘိလပ်ရည်၊ ကွမ်းယာတို့ ဖြင့် ဧည့်ခံလေ၏။ အုတ်နံရံကို ကပ်လျက် အလွန်ထူထဲသော ခုံကြီးနှစ်ခုထားရှိရာ တစ်ခုမှာ သူဌေးကိုယ်တိုင်ထိုင်သောခုံ ဖြစ်ဟန်ရှိ၍ အခြားတစ်ခုပေါ်၌ ကား အသက် (၄၀) ခန့်ရှိ ချစ်တီးတစ်ယောက်သည် ထိုင်စားပွဲကလေးတစ်လုံးပေါ်တွင် စာရင်းများကို ရေးသားလျက် ရှိလေသည် ။

ထိုသူမှာ စွန်မစွန်ဒရမ် ခေါ် စာရေးကြီးဖြစ်၍ ထမင်းချက်သည့် လက္ခဏာဆိုသူ ချစ်တီးကလေးကိုကား ကျွန်တော်တို့ မမြင်ရသေးချေ။

အင်မ်ကြာရိုးက အာလာကပ္ပချစ်တီးအား ...

"ခင်ဗျား စာရေးရဲ့ ညာဘက်လက်ကို ကျုပ် တစ်မိနစ်လောက် ကြည့်ပါရစေ ဗျာ"

"တစ်မိနစ် မကပါဘူး ခင်ဗျာ။ တစ်နာရီပဲ ကြည့်ကြည့်၊ ကြည့်နိုင်ပါတယ်"

အင်မ်ကြာရိုးသည် တစ်ခဏမျှ စွန်မစွန်ဒရမ်ချစ်တီး၏ လက်ယာဘက်လက်ကို ကိုင်တွယ် ကြည့်ပြီးနောက် ...

"ထမင်းချက်တဲ့ လက္ခဏာ ဆိုတာရော မမြင်ပါလား"

"နောက်ဖေးမှာ ထမင်းချက်နေပါတယ်"

"ဒါဖြင့် ခဏခေါ်လိုက်ဗျာ"

အာလာကပ္ပချစ်တီးက နောက်ဖေးခန်းဘက်သို့ လှမ်း၍ ခေါ်လိုက်

ရာ နောက်ဖေးခန်းဆီမှ စကားပြောသံ ကြားရပြီးနောက် မရှေးမနှောင်း ပင် အသက် (၂၀)ခန့် ဆံပင်နောက်တွဲနှင့် မဒရာစီကုလားကလေး တစ် ယောက် ထွက် လာပြီးလျှင် ကျွန် တော်တို့ လူစုအား ကျိုးကန်းကဲ့သို့ ပြူး ကြောင်စွာ ကြည့်ရှုလျက် ရှိလေ၏။

ချစ်တီးကလေးမှာ မြန်မာစကားတစ်လုံးမှ မတတ်သဖြင့် အင်မ်ကြာ ရိုးက မေးသောအခါ အာလာကပ္ပ ချစ်တီးကြီးက တစ်ဆင့်မေးပြီးလျှင် စကားပြန်လုပ်ရလေ သည် ။

"အိမ်ပေါ်က ခင်ဗျားအခန်းကို သော့ခတ်ထားသလား"

"ဟုတ်ကဲ့ ... သော့ခတ်ထားပါတယ်"

"ခင်ဗျားသော့ သူ့ကို ပေးလိုက်စမ်းဗျာ။ အခန်းထဲမှာ ရှိတဲ့ ပစ္စည်း လေး တစ်ခုခုကို အယူခိုင်းလိုက်စမ်းပါ"

"ဆရာကြီးပြောတာ ကျွန်တော် ကောင်းကောင်း နားမလည်သေးပါ ဘူး"

"ဒီလိုဗျ ... တိုက်ပေါ်တက်ပြီး ခင်ဗျား အခန်းထဲကို ဘယ်ပစ္စည်းမျိုး မဆို ဥပမာ-စာအုပ်ပဲဖြစ်ဖြစ်၊ ခဲတံပဲဖြစ်ဖြစ်၊ ဘာမဆို ကြိုက်ရာတစ်ခုခု သူ့ သဘောအတိုင်း ယူခဲ့ပါစေ။ နားလည်ပြီလား ..."

"ဟုတ်ကဲ့ ... နားလည်ပါပြီ။ ကျွန်တော် ခိုင်းလိုက်ပါ့မယ်"

ချစ်တီးသူဌေး အာလာကပ္ပသည် ထမင်းချက် လက္ခဏာအား ကလ ယ်ဘာသာ ဖြင့် အတန်ကြာနားလည်အောင် ပြောဆိုပြီးလျှင် အခန်း သော့ကို ပေး လိုက်လေ ၏။

တစ်ခဏမျှ ကြာသောအခါ လက္ခဏာသည် မီးခြစ်ဘူးကလေးတစ်ခု ကို ယူလာ ပြီးလျှင် အာလာကပ္ပအား ပေးလေသည် ။

အင်မ်ကြာရိုးသည် လက္ခဏာ၏ ညာဘက်လက်ကိုဖြန့်၍ တစ်မိနစ်ခန့်မျှကြည့် ရှုပြီးလျှင် ...

"တော်လောက်ပါပြီ ... ခင်ဗျား လူကို ပြန်လွှတ်လိုက်ပါတော့"

ဟု ပြောသဖြင့် ထမင်းချက် ကုလားကလေးလည်း အလုပ်ခွင်သို့ ပြန်သွားလေသည် ။

အင်မ်ကြာရိုးသည် အာလာကပ္ပ ချစ်တီးလက်မှ မီးခြစ်ခွံကလေးကို အသေအချာ ကိုင်တွယ် ကြည့်ရှုလျက်ရှိရာ မီးခြစ်မှာ အနီရောင်ပေါ်တွင် မြင်းရုပ်ကလေးပါ ပါရှိ၍ အတွင်းမှာ မီးခြစ်ဆံ ခြောက်ဆံပါရှိလေသည် ။

ထို့နောက် အင်မ်ကြာရိုးသည် မီးခြစ်ဘူးကလေးကို ထူးဆန်းသော ပစ္စည်းကလေး တစ်ခုကဲ့သို့ အတန်ကြာ ကိုင်တွယ်ကြည့်ရှုပြီးနောက် အာလာကပ္ပအား အောက်ပါအတိုင်း မေးခွန်းများ ထုတ်လေ၏။

"ခင်ဗျားအိမ်မှာ မြင်းများ မွေးသလား"

"မမွေးရပါဘူး ... ခင်ဗျာ"

"မြင်းနဲ့ ပတ်သက်တဲ့ ပစ္စည်းများကော ရှိသလား"

"မရှိပါဘူး ဆရာကြီး"

"သေသေချာချာ စဉ်းစားကြည့်ပါဦးလေ။ မြင်းနဲ့ ပတ်သက်တဲ့ ပစ္စည်းဆိုတာ ကကြိုးတန်ဆာပလာဖြစ်စေ၊ မြင်းခြုံတဲ့ စောင်ဖြစ်စေ၊ မြင်းဖြီးတဲ့ ဘီးဖြစ်စေ၊ မြင်း ကုန်နှီးဖြစ်စေ၊ အဲဒီလို ဟာမျိုးတွေပေါ့ဗျာ"

"မရှိပါဘူးဗျာ။ သြော် ... ဆရာကြီးပြောမှ သတိရတယ်။ အရင်လွန်ခဲ့တဲ့ သုံးလ လောက်ကတော့ အေးရှာက ကြွေးနဲ့ သိမ်းယူလာတဲ့ မြင်း

တစ်ကောင် ရှိဖူးတယ် ခင်ဗျ။ နို့ပေမဲ့ ... ကျွန်တော့်လက်ထဲမှာ မကြာပါဘူး ခင်ဗျာ။ ပုဇွန်တောင်က မိတ် ဆွေတစ်ယောက်ကို အဖိုးလျှော့ပြီး ရောင်းပစ်လိုက်ပါပြီ"

"အဲဒီမြင်းက ပစ္စည်းတစ်ခုခုမှ မကျန်ရစ်ခဲ့ဖူးလား"

"ဩော် ... အခုမှ သတိရတယ်။ ကုန်းနှီးဟောင်းတစ်ခုတော့ ကျွန်တော့် အခန်း ထဲက ထုတ်တန်းပေါ်မှာ တင်ထားမိတယ် ထင်တယ်။ အခု ဖြင့် ရှိမှ ရှိပါဦးမလား မပြောတတ်ပါဘူး ခင်ဗျာ"

"ကိုင်း ... ဒါဖြင့် ရှိလိုရှိငြား ကျုပ်တို့ တက်ကြည့်ကြရအောင်"

" လာလေ ... ကြည့်ကြတာပေါ့။ အပေါ်ထပ် ကြွကြပါ"

"လာဗျို့ ကိုထင်ကျော်။ ကိုဘရွှေနဲ့ ကိုတင်မောင်တို့ ပါ တစ်ခါတည်း လိုက်ခဲ့ကြ လေဗျာ"

အပေါ်ထပ်၌ ကား ခေါင်းရင်းဘက်တွင် အခန်းတစ်ခန်းရှိသဖြင့် အာလာကပ္ပ ချစ်တီးသည် တံခါးကို သော့ဖွင့်ပြီးနောက် ကျွန်တော်တို့ အား အခန်းတွင်းသို့ ခေါ်သွားလေရာ အင်မ်ကြာရိုးတစ်ယောက်သာ အ တွင်းသို့ လိုက်ပါသွားလေသည် ။

ကျွန်တော်တို့ မှာ အခန်းပေါက်ဝတွင် ရှိနေသော်လည်း အလင်းရော င်ဖြင့် အတွင်းဘက်သို့ ကောင်းစွာ မြင်ရလေရာ လိပ်၍ ထားသော အိပ် ရာလိပ်တစ်ခု၊ သင် ဖြူးတစ်လိပ်၊ သံသေတ္တာနှစ်လုံး၊ လက်ဆွဲသားရေ အိတ်တစ်လုံး၊ ကြိမ်ပက်လက် ကုလားထိုင်တစ်လုံးအပြင် အခြားတစ်စုံ တစ်ရာမျှ မရှိချေ။ သို့သော် အခန်း၏ အပေါ် တွင် ဝါးလုံးလေးလုံးကို ကျပ်ခိုးစင်ကဲ့သို့ ပြုလုပ်ထားသဖြင့်၊ ထိုကျပ်ခိုးစင်ပေါ်တွင် ငှက်ပျောရွ က်ခြောက်များကို တွေ့မြင်ရ၏။

ငှက်ပျောရွက်ခြောက် အလိပ်များ အောက်၌ ကား အနီရောင် မြင်းကုန်းနှီးတစ်ခု ကို တွေ့မြင်ရ၏။ ကျပ်ခိုးစင်မှာ လူလက်ခုပ်တစ်ဖောင် သာသာခန့်ရှိ၍ ဦးထင်ကျော် သည် ကျွန်တော်တို့ အထဲတွင် အရပ်အမြင့်ဆုံးဖြစ်သည့် အတိုင်း အလွယ်တကူပင် အောက်သို့ချပေး လိုက်လေ၏။

မြင်းကုန်းနှီးမှာ အတော်ဟောင်းနွမ်း စုတ်ပြတ်၍ အချို့ ပိုးကိုက်ထားသော နေရာ၌ အပေါက်ကလေးများ ဖြစ်ခါအတွင်းမှ မှို့များ ပင်ထွက်လျက် ရှိလေ၏။

အင်မ်ကြာရိုးသည် အိတ်ထဲမှ မောင်းချဓားကလေး တစ်ချောင်းကို ထုတ်၍ မြင်းကုန်းနှီးကို ကျောလယ် တည့်တည့်မှ ခွဲထုတ်လေရာ အလယ်လောက် ရောက်သောအခါ အဝတ်စတစ်စကို တွေ့ရသဖြင့် ဆက်လက် လှီးဖြတ်သောအခါ အတွင်းမှ ပိတ်စတစ်ခုဖြင့် ထုပ်၍ ထားသော အထုပ်တစ်ခု ထွက် လာလေ၏။

အထုပ်ကို ဖွင့်လိုက်သောအခါ၌ ကား ရွှေလက်ကောက်၊ ရွှေဆွဲကြိုး၊ စိန်လည်တုံ၊ စိန်နားကပ်၊ စိန်လက်စွပ်များကို တွေ့မြင်ရကုန်၏။

"ဒီမှာ မဟုတ်လား။ ခင်ဗျား ပျောက်နေတဲ့ စိန်ထုပ်"

ဝမ်းမြောက်လှသော မျက်နှာဖြင့် ...

"မှန်ပါတယ် ... ခင်ဗျာ၊ ဒီဟာ ကျွန်တော့် စိန်ထုပ်ပါပဲ"

"ကိုင်း ... သူဌေးကြီး။ ခင်ဗျား ပစ္စည်းကိုတော့ ပြန်ရပြီ။ သို့သော် ဘယ်သူ ယူ တယ်။ ဘယ်သူ ဝှက်ထားတယ်ဆိုတဲ့ အကြောင်းကိုတော့ ခင်ဗျား လူနှစ်ယောက်ကို စစ်လားကြောလား လုပ်မနေနဲ့ နော်။ အဲဒါ တစ်ခုတော့ ကျုပ်ကို ကတိပေးရလိမ့်မယ်။ ဘယ်နှယ့်လဲ ..."

"ပေးပါ့မယ် ... ဆရာကြီး။ ဆရာကြီးစကားကို ကျွန်တော် မပယ်ဝံ့ပါဘူး ... ခင်ဗျား"

"ကိုင်း ... လာကြ။ အောက်ထပ်ဆင်းကြစို့"

အောက်ထပ်သို့ရောက်၍ မည်သူမျှ တစ်စုံတစ်ရာမပြောမီ အာလာကပ္ပချစ်တီး သည် ရီဇပ်ဘဏ်မှ ထုတ်ယူရန် ငွေငါးထောင်တန် ချက်လက်မှတ် တစ်စောင်ကို အင်မ်ကြာရိုး လက်ထဲသို့ ရိုသေစွာ ထည့် လိုက်လေ၏။

ထို့နောက် ကျွန်တော်နှင့် ဦးထင်ကျော်တို့ လည်း အာလာကပ္ပချစ်တီးကိုလည်း ကောင်း၊ အင်မ်ကြာရိုးနှင့် ဦးဘရွှေကိုလည်းကောင်း နှုတ်ဆက်၍ ပြန်လာခဲ့လေ သည် ။

အိမ်သို့ ရောက်သောအခါ ဦးထင်ကျော်သည် ပက်လက်ကုလားထိုင်ပေါ်တွင် ကိုယ်ကိုပစ်လှဲကာ ဆေးတံကို မီးညှိရင်း ...

"ဘယ်နှယ့်သဘောရလဲ ... ကိုတင်မောင်"

"သိပ်ပြီး အရချောင်တာပဲဗျို့"

"အင်း ... သူ့ပညာလည်း တစ်မျိုးပေါ့ဗျာ။ လက္ခဏာ ဟောတဲ့ နေရာနဲ့ အတိတ် ကောက်တဲ့ နေရာမှာ တော့ ဗမာ့ဗိုလ်ဟူမှာ တစ်လူသာရှိတဲ့ လူတစ်ယောက်ပေါ့။ လောက ကြီးမှာ ခင်ဗျားတို့ ကျုပ်တို့ ဉာဏ်မမီနိုင်တဲ့ ပညာထူးပညာဆန်းတွေ အများကြီး ရှိတယ် ... ကိုတင်မောင်"

"ဒါပေါ့ဗျ"

***

ဤနည်းဖြင့် လက္ခဏာဆရာကြီး အင်မ်ကြာရိုးနှင့် အသိအကျွမ်းဖြစ်ခဲ့ရာ အား လပ်သောအချိန်များ ၌ ကျွန်တော်သည် သွန်မဆင်လမ်း (ဗိုလ်တထောင်လမ်း)သို့ သွားရောက်၍ ဆရာကြီးနှင့် အလ္လာပ သလ္လာပစကားများကို ပြောဆိုခြင်း၊ ဆရာကြီး တွေ့ကြုံခဲ့ဖူးသော အတ္ထုပ္ပတ္တိများကို မေးမြန်းခြင်း စသည် ဖြင့် ဆရာကြီးထံမှ ဗဟု သုတများကို ဆည်းပူးခဲ့၏။

သို့ဖြစ်၍ အောက်ပါအတ္ထုပ္ပတ္တိမှာ ဆရာကြီးကိုယ်တိုင် တွေ့ကြုံခဲ့ရသော အတ္ထုပ္ပတ္တိတစ်ခုဖြစ်ရာ စာဖတ်သူများကို ပို၍ ရှင်းလင်းနားလည်စေရန် ဆရာကြီး ကိုယ်တိုင် ပြောပြဘိသကဲ့သို့ ရေးထားပါကြောင်း။

***

တစ်နေ့သောည ဆယ်နာရီ ကျော်ကျော်လောက်တွင် ကျွန်ုပ်လည်း ကော်ဖီတစ် ခွက်ကို သောက်ပြီးနောက် အိပ်ရာသို့ ဝင်တော့မည်ဆဲဆဲရှိစဉ် မြင်းရထားတစ်စီး သည် အိမ်ရှေ့သို့ ဆိုက်ရောက် လာပြီးနောက် လူတစ်ယောက်သည် တိုက်ပေါ်သို့ တက် လာလေ၏။

ထိုအချိန်အခါ၌ မိုးအနည်းငယ် ရွာနေသဖြင့် လှေကားမှ တက်လာသူသည် မိုးကာအင်္ကျီကို ကျွန်ုပ် အခန်းရှေ့၌ ချွတ်ရင်း အိမ်တွင်းသို့ဝင်ရန် ခွင့်တောင်းလေရာ ကျွန်ုပ်ကလည်း တံခါးကို ဖွင့်ပေး လိုက်လေ၏။

ကျွန်ုပ်လည်း စားပွဲတင် ဓာတ်မီးခလုတ်ကို ဖွင့်လိုက်၍ ထိုလူ၏ မျက်နှာကို ပိုမိုထင်ရှားစွာ မြင်နိုင်၏။

ထိုသူမှာ အရပ်အလွှန်မြင့်၍ ကြုံလှီလှသော ကိုယ်ရှိရာ၊ ၎င်း၏ မျက်နှာ၌ ပါးများ သည် ချိုင့်ဝင်လျက် မျက်လုံးများ သည် လည်း နှာတံ၏ ဘေးတွင် တွင်းကဲ့သို့ ရှိလေ ၏။ သို့သော် အမူအရာကား ယဉ်ကျေးသိမ်မွေ့လှပေ၏။

"ဆရာကြီးကို ဒီအချိန်မှာ လာပြီးနှောင့်ယှက်တယ်လို့ မအောက်မေ့ပါနဲ့ ...ခင်ဗျာ"

"ကျုပ်က ဒီအလုပ်မျိုးနဲ့ အသက်မွေးတဲ့ လူတစ်ယောက်ပဲ။ စိတ်ဆိုးစရာ မရှိ ပါဘူး။ အမှုသည် ဆိုရင် ဝမ်းသာတာပေါ့"

"ဟုတ်ကဲ့။ ကျွန်တော် အမှုသည် တစ်ယောက်ပါပဲ ခင်ဗျာ"

"သြော် ... ဒါထက် လက္ခဏာ တစ်ခါကြည့်ရင် ဘယ်လောက်ယူပါသလဲ ခင်ဗျာ။ ကျွန်တော် သိပါရစေ"

"လူတစ်ယောက်ကို တစ်ရာယူပါတယ်။ သို့သော် အထူးတလည်မေးရမယ့် ကိစ္စဆိုရင် နှစ်ရာ့ငါးဆယ် ယူတယ်"

"မများ ပါဘူး ခင်ဗျာ။ ပေးထိုက်ပါတယ်။ ကိုယ့်ကိစ္စ အရေးကြီးရင် ကြီးသလို အဖိုးတန်တဲ့ ပညာမျိုးပေါ့။ ဒီလိုပါ ခင်ဗျာ။ လက္ခဏာ ဟောစေချင်တဲ့ လူက ဒီမှာ မပါဘူးခင်ဗျ"

ထိုအခါ ကျွန်တော်လည်း ရုတ်တရက် စကားပြန်၍ မပြောသေးဘဲ ထိုသူ၏ မျက်နှာကို အကဲခတ်လျက်ရှိလေသည် ။ ၎င်း၏ မျက်နှာပေါ်၌ကား ကြောင့် ကြစိုးရိမ် ခင်း၊ ဝမ်းနည်းခြင်း၊ အရေးတကြီးရှိခြင်း၊ စိတ်သောကများ ခြင်း အစရှိသော လက္ခဏာများ သည် ထင်ရှားပေါ်လွင်လျက် ရှိ၏။

ဤသို့ အချိန်မတော်တွင် ခေါ်သည့် အတွက်လည်း စိတ်ထဲတွင် စနိုး

စနောင့် ဖြစ်လျက်ရှိ၏။ ကျွန်ုပ်၏ ညှော်သည် သည် ကျွန်ုပ် တွေဝေနေခြင်းကို ရိပ်မိသည့် လက္ခဏာဖြင့် ...

"အခုလို အချိန်မတော်ကြီး မိုးကလည်း ရွာနေတဲ့ အထဲမှာ နှစ်ရာ့ငါးဆယ်နဲ့ ဘယ်လိုက်နိုင်ပ့ါမလဲ ခင်ဗျာ။ ကျွန်တော် သိပါတယ်။ ဆရာကြီးကို ပူဇော်ဖို့ ငွေ ခုနစ် ရာကျပ် ရည်မှန်းပြီး ကျွန်တော် ယူလာပါတယ်"

"နက်ဖြန်မနက်မှ မဖြစ်ဘူးလား"

"မဖြစ်နိုင်လို့ ပါ ခင်ဗျာ။ ပြီးတော့ ဆရာကြီး ဘာမှ မစိုးရိမ်ပါနဲ့ ။ ငွေခုနစ်ရာကို အခု ကျွန်တော် လက်ငင်းချေခဲ့ပ့ါမယ်"

ထိုလူသည် ရှပ်အင်္ကျီအိတ်ထဲမှ တစ်ရာတန်တစ်ထပ်ကို ဆွဲထုတ်ပြီးလျှင် ကျွန်ုပ်အား ခုနစ်ချပ်ရေတွက်၍ ပေးလေ၏။

ကျွန်ုပ်လည်း ထူထဲသောအဝတ်များကို ဝတ်ပြီးလျှင် အပေါ်မှ လောင်းကုတ် အင်္ကျီကို ထပ်၍ ဝတ်ပြီးနောက် ထိုသူ၏ မြင်းရထားနှင့် တစ်စုံတစ်ရာ ထပ်မံမမေးမြန်းဘဲ လိုက်ပါသွားလေ၏။

သွားခါနီးတွင် ကျွန်ုပ်၏ ပစ္စတိုကလေးကိုလည်း အကြောင်းရှိက အလွယ်တကူ ရရန် လောင်းကုတ်ထဲတွင် ထည့်၍ ယူလာခဲ့သေး၏။

မြင်းရထားပေါ်၌ ထိုသူသည် နာမည်ကိုလည်းကောင်း၊ မည်သည့်အရပ်သို့ သွားမည်ကိုလည်းကောင်း ပြော၍ မပြချေ။ ကျွန်ုပ်မေးသမျှ စကားများကို တိုတိုတုတ်တုတ်ပင် ပြန်၍ ဖြေသဖြင့် ကောင်းစွာစကားမပြောလိုကြောင်းကို သိရ၏။

ထိုအချိန်၌ မိုးသည် သည်း၍ ရွာလာသဖြင့် ထိုသူသည် သူကိုယ်တိုင် မြင်းရထား တံခါးများကို ပိတ်ကာ စကားမပြောဘဲ လိုက်ပါ လာလေသည် ။

မိုးသည်းနေခိုက် ဖြစ်၍ ဆူညံသော လူသံသူသံများကို များစွာမကြားရဘဲ ကျွန်ုပ်တို့ မြင်းရထားအနီးတွင် ဝီခနဲ ဝီခနဲ ဖြတ်၍ သွားသော ကားသံများကိုသာ မကြာခဏ ကြားရလေသည် ။

ကျွန်ုပ် စိတ်ထင်အားဖြင့် မြင်းရထားသည် မောင်ဂိုမာရီလမ်း (ဗိုလ်ချုပ်လမ်း) တစ်လျှောက်မှ အနောက်သို့ မောင်းခဲ့ပြီးလျှင် ဖရေဇာလမ်း ( အနော်ရထာလမ်း)မှ ကွေ့၍ ဆေးရုံကြီးအနီးသို့ ရောက်သောအခါ မြောက်ဘက်သို့ ချိုးပြီးနောက် ပြည် လမ်းတစ်လျှောက် မောင်းနှင်သွားသည်ဟု ရထားအတွင်းမှ ခန့်မှန်းရ၏။

မိုးသည် လည်း မတိတ်ဘဲ သည်းသည် ထက် သည်းလာပြန်ရာ တဝုန်ဝုန်း တဖြုန်းဖြုန်း ရွာသွန်းလျက်ရှိသော မိုးသံများ နှင့် တစ်ခါတစ်ရံ ရှီခနဲ ဝေါခနဲ ဖြတ်သွားသော ကားသံများ ပင်လျှင် တဖြည်းဖြည်း ပါး၍ လာပြီးနောက် ကတ္တရာစေးလမ်းပေါ်တွင် တဖြောက်ဖြောက်သွား၍ နေသော မြင်းခွာသံများ သာ နောက်ဆုံး ကြားရတော့၏။

တစ်နာရီကျော်ကျော်မျှ ကြာသွားသောအခါ မြင်းရထားသည် အရှိန်အနည်း ငယ်သတ်၍ လက်ယာဘက်သို့ ချိုးဝင်သွားရာ ရထားဘီးသံကို ကြားရခြင်းအားဖြင့် လမ်းကျဉ်းတစ်ခုအတွင်းသို့ ချိုးဝင်လာကြောင်း သိရ၏။

ထိုအခါ ကျွန်ုပ်၏ အမူသည် သည် အိပ်ရာက ရုတ်တရက် နိုးလာဘိသကဲ့သို့ အိတ်ထဲမှ ပိုးလက်ကိုင်ပဝါ အနက်တစ်ထည်ကို ထုတ်ယူပြီးလျှင် ရုတ်တရက် စကား မပြောဘဲ ရှိနေရာမှ ...

"ဆရာကြီးမျက်နှာကို ခဏကလေး အဝတ်စည်းထားပါရစေလား ခင်ဗျာ။ ကိစ္စက အင်မတန် လျှို့ဝှက်တဲ့ ကိစ္စဖြစ်လို့ ဒီလိုလုပ်ရခြင်း ဖြစ်ပါတယ်" ဟု ပြောသဖြင့် ကျွန်ုပ်လည်း တစ်စုံတစ်ရာ ငြင်းဆန်ခြင်းမပြု

ဘဲ ၎င်းသဘောအတိုင်း ဖြစ်စေ၏။

ဆယ့်ငါးမိနစ်ခန့် သွားမိသော် မြင်းရထားသည် ခဏမျှ ရပ်တန့်သွား ဘိသကဲ့သို့ ဖြစ်သွားပြီးနောက် လက်ဝဲဘက်သို့ ချိုး၍ သွားရာ ရထားသ ည် ကျောက်စရစ် ခင်းထားသော လမ်းပေါ်တွင် သွားလျက်ရှိလေ၏။ ခ ဏမျှကြာလတ်သော် ရထားရပ်သွားလေ၏။

ထိုသူသည် ရထားပေါ်မှ ကျွန်ုပ်အား တွဲ၍ ချပြီးနောက် ကျွန်ုပ် မျက် နှာပေါ်တွင် ဖုံးထားသော အဝတ်ကို ဖြုတ် လိုက်လေသည် ။

ပထမ၌ ကျွန်ုပ်ပတ်ဝန်းကျင် တစ်ခုလုံးမှာ မည်းမှောင်လျက်ရှိရာ တစ်မိနစ်ခန့်ကြာမှ အတန်ငယ် သဲကွဲစွာမြင်ရ၏။ ဆင်ဝင်အောက်ဖြစ်၍ အိမ်၏ နံဘေးပတ်လည် တွင် သစ်ပင်ကြီးများကို မြင်ရ၏။

မြင်းရထား ရပ်သည် နှင့် တစ်ပြိုင်နက် အရပ်လေးပေခန့်ရှိ လူပုက လေးတစ် ယောက်သည် လက်ဆွဲမှန်အိမ်တစ်လုံးကို ကိုင်ကာ ကျွန်ုပ်တို့ အား ဆီးကြိုလျက် ရှိလေသည် ။

ထိုထူးဆန်းသောလူသည် ကျွန်ုပ်လက်ကို ယုယညင်သာစွာဆွဲ၍ အိ မ်ပေါ်သို့ တက်သော လှေကားမှ ခေါ်သွားရာ ကျွန်ုပ်မှာ အိပ်မက်မက်၍ နေသကဲ့သို့ ထိုလူ နောက်သို့ လိုက်ပါသွားရလေသည် ။

အိမ်ပေါ်ထပ်၌ ကား မီးရောင်ဟူ၍ မမြင်ရဘဲ လူပုကလေးလက်ထဲမှ လက်ဆွဲ မှန်အိမ်ကြောင့် သာ အိမ်အခြေအနေကို မသဲမကွဲ မြင်ရ၏။

အိမ်ရှေ့ခန်းတွင် မဟောင်းလွန်း မသစ်လွန်းသော ကုလားထိုင်လေး လုံးနှင့် စားပွဲတစ်လုံးရှိရာ အခန်းထောင့်ရှိ စားပွဲတစ်လုံးတွင် စာအုပ်များ ဖရိုဖရဲ ရှိနေ၏။

ကြွေပန်းအိုး၌ ထိုးထားသော နှင်းပန်းများမှာ ခြောက်သွေ့ကာ ဖုန်

ထူသော ကြမ်းပြင်၌ ကြွေကျကာရှိနေသဖြင့် အိမ်ရှင်မှာ သုံးလေးရက်အ တွင်းက အိမ်အလှ အပကို ဂရုမစိုက်နိုင်ကြောင်း ထင်ရှား၏။ နောက်တွ င် အခန်းတစ်ခုရှိရာ ထိုအခန်း တွင် မီးလင်းလျက် ရှိနေသည် ကို တွေ့ရ ၏။

ထူးဆန်းသောလူသည် လူပုကလေးအား ခြေပြလက်ပြ ပြောလိုက် ရာ လူပုလေးသည် လက်ဆွဲမှန်အိမ်ကို ချ၍ အောက်ထပ်သို့ ဆင်းလေ၏ ။

ထိုအခါ လူပုလေးမှာ စကားမပြောတတ်ကြောင်း သိရ၏။ ထို့နော က် ကျွန်ုပ်အား ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်စေပြီးလျှင် ...

"ည့်ဝတ်မကျေတော့ သိပ်အားနာစရာ ကောင်းတာပဲ ခင်ဗျာ"

"ကိစ္စမရှိပါဘူးလေ။ ဘယ်မှာ လဲ ... လက္ခဏာကို ဖတ်ချင်တဲ့ လူ"

"ရှိပါတယ် ... ဆရာကြီး ... ရှိပါတယ်"

ထိုလူသည် အခန်းရှိရာသို့ ကျွန်ုပ်အား ခေါ်သွားပြီးနောက် အခန်းဝ သို့ရောက်လျှင် ခန်းဆီးကို လက်တစ်ဖက်ဖြင့် မ,၍ ရှေ့မှ ဝင်သွားရာ ကျွ န်ုပ်ကလည်း ၎င်းနောက် မှ ကပ်၍ လိုက်ပါသွားလေ၏။

သို့သော် ... ကျွန်ုပ်မှာ ရပ်တန့်၍ သွားပြီးလျှင် ကြက်သေ သေလျက် ရှိလေ သည် ။

အခန်းတွင်း၌ လသာမှန်အိမ်တစ်လုံးကို ထွန်းညှိ၍ ထားလေရာ အ ခန်း

အလယ်ရှိ ခုတင်ပေါ်၌ ကား မိန်းမတစ်ယောက်၏ အလောင်းသည် အစန့်သား ရှိနေ ၏။

ပထမ၌ မိန်းမမှာ အိပ်ပျော်နေသည် ဟု မှတ်ထင်မိသော်လည်း ခုတင်ဘေးတွင် ချထားသောခေါင်းကို မြင်ရသောအခါမှ ပို၍ သေချာသွား၏။ ကျွန်ုပ်မှာ အတန်ငယ် ဒေါသထွက်လျက် ...

"ဘယ်နှယ့်လုပ်တာလဲ ... ခင်ဗျားဟာ"

"သည်းခံပါ ... ဆရာကြီး။ မလွှဲသာမရှောင်သာလို့ ဆရာကြီးကို ခေါ်ရခြင်း ဖြစ် ပါတယ် ခင်ဗျာ။ ကျွန်တော့် မိန်းမအလောင်းကို မမြှုပ်ခင် သူတို့ အဖြစ်အပျက်ကို ဆရာကြီး ဖတ်ခဲ့စေချင်တယ် ခင်ဗျာ"

"သေမှ ပဲ မိတ်ဆွေကြီးရဲ့ ။ ဘာများ အကြောင်းထူးဦးမှာ လဲဗျ"

"တခြားလူမှာ မထူးပေမဲ့ ကျွန်တော့်မှာ ထူးပါတယ်"

ကျွန်ုပ်မှာ ပထမ၌ ထောင်းခနဲ ဒေါသထွက်မိ၏။

သို့သော်လည်း တစ်စုံတစ်ယောက်သော သူ၏ လက္ခဏာကို ဖတ်ပေးပါမည် ဟူ၍ သာ ကတိခံမိသဖြင့် ယောကျ်ားမိန်းမဟူ၍ လည်း ကတိတွင် ခွဲခြား၍ မပါ,ပါ။ အသေအရှင်ဟူ၍ မခွဲခြားရကား လွန်ပြီးသော နှုတ်ကတိကို ဖျက်ရန် မသင့်တော် ချေ။ သို့ဖြစ်၍ လည်း ကျွန်ုပ်သည် ဒေါသကို ချုပ်တည်းကာ တစ်စုံတစ်ရာ ပြန်၍ မပြောဘဲ နှုတ်ဆိတ်နေလိုက်၏။

ထိုလူသည် ခုတင်နံဘေးသို့ လက်တင်ကုလားထိုင်နှစ်လုံး ချထားပြီးလျှင် စားပွဲတင် မှန်အိမ်တစ်လုံးကိုလည်း ထပ်မံ၍ ထွန်းပြန်၏။

သေသူမိန်းမမှာ အသက် နှစ်ဆယ့်ငါးနှစ်မျှသာရှိသေး၍ ထူးခြားစွာလှပသော ရုပ်လက္ခဏာရှိ၏။ မျက်တွင်းနှစ်ခုမှာ အတန်ငယ်ချိုင့်ဝင်လျက် ရှိနေသော်လည်း ပါးနှင့် နှုတ်ခမ်းများမှာ အိပ်၍ နေသကဲ့သို့ ပင် ရှိသေး၏။

ခေါင်းရင်းဘက်တွင် ဖွင့်ထားသော သံတိုင်ပြတင်းပေါက်မှ တိုက်ခတ်လျက် ရှိသော လေညင်းသည် ဆံယဉ်နုနုလေးများကို ကစားလျက်ရှိနေကြသဖြင့် အသက် ရှင်၍ နေသည် နှင့် ပို၍ တူစေ၏။

ကျွန်ုပ်၏ မျက်လုံးများမှာ ခြေရင်းဘက်တွင် ထားသည့် ကျွန်းသားခေါင်းပေါ် ရောက်သွားရာ နံဘေးတွင် ကြေးမှိုများ ဖြင့် ရေးထားသောသိန်းသိန်းမြင့်၊ အသက် (၂၄) နှစ်ဟူသောစာကို တွေ့ရသဖြင့် ကျွန်ုပ် ခန့်မှန်းသည့် အသက်မှာ မကွာခြားလှ ကြောင်း သိရ၏။

ထို့နောက် ကျွန်ုပ်လည်း မိန်းမ၏ လက်တစ်ဖက်ကို ဖြည်းညင်းယုယစွာ ကိုင်ယူ ကြည့်ရှုရာ ဤအသက်အရွယ်နှင့် ဤမျှလောက် စိတ်ဒုက္ခရောက်ရသည့် လက္ခဏာ မျိုးကို မတွေ့ဖူးချေ။

"အသက် (၂၄) နှစ်။ စိတ်သောကအမျိုးမျိုးနှင့် ကြုံခဲ့ရတဲ့ မိန်းမ။ သို့ပေမဲ့ ... တော်ပါသေးရဲ့ ။ အိမ်ထောင်ပြုကတည်းက နည်းနည်းစိတ်အေးရပြီး လင်သား

အပေါ်မှာ ချစ်ရခင်ရတဲ့ မေတ္တာက လွှမ်းမိုးသွားလို့ "

စကားမဆုံးမီ ကျွန်ုပ်၏ မိတ်ဆွေသည် ကျွန်ုပ်ပြောသော စကားလုံးများကို တစ်ခွန်းတစ်ပါဒ မကျန် နားစိုက်လျက်ရှိ၏။

ကျွန်ုပ် ပြောတိုင်းပြောတိုင်း ၎င်း၏ မျက်နှာထားမှာ တွန့်ခနဲ တွန့်ခနဲ ဖြစ်၍ သွား ကာ အံ့သြခြင်း၊ ဝမ်းနည်းခြင်း၊ အရိပ်အယောင်များကို ပြလျက်ရှိလေသည် ။

ကျွန်ုပ်လည်း ပို၍ ထင်ရှားစွာမြင်နိုင်ရန် မီးခွက်ကို ရှေ့သို့ အနည်းငယ် တိုးစေပြီး နောက် သေသူ၏ လက္ခဏာတွင် အချစ်နှင့် ပတ်သက်သည့် လက္ခဏာအကြောင်း များကို စေ့စပ်စွာကြည့်ရှုကာ လွန်ခဲ့သော အချိ

န်များက ဖြစ်ပျက်ခဲ့သော အဖြစ် အပျက်များကို အသေးစိတ်ဟောပြလေ၏။ ထို့နောက် ...

"ဩော် ... ပြီးတော့ တစ်ခုဆန်းတာက သူဟာ လင်ကို ပြောစရာမရှိအောင် ချစ် တဲ့ မိန်းမဖြစ်ပေမဲ့ လင်လောက်နီးပါး သူချစ်တဲ့ လူတစ်ယောက် ရှိတယ်။ အဲဒီလူကို သူ သိပ်ပြီး ဂရုစိုက်ရှာတယ်"

စိတ်အားထက်သန်စွာ ...

"ဘာပြောတယ် ... ဆရာ။ တစ်ဆိတ်ထပ်ပြီး အမိန့်ရှိပါဦး ... ဆရာ"

"သူ သိပ်ပြီး ဂရုစိုက်နေတဲ့ လူတစ်ယောက် ရှိတယ်ဗျ"

မျက်လုံးပြူးလျက် ...

"ဟုတ်လား ဆရာ"

"နို့ပေမဲ့ ... တစ်လွဲမထင်ပါနဲ့ ခင်ဗျာ။ သူချစ်တဲ့ အချစ်က ငါးရာနှစ်ဆယ့်ရှစ်နဲ့ ရိုးရိုးချစ်တဲ့ အချစ်ပါ။ တစ်ထောင့်ငါးရာတွေ ဘာတွေ မဟုတ်ပါဘူး"

"အလိုလေး ... ဘုရားရေ။ ကျုပ်မှားပြီ။ ကျုပ်ထက်မိုက်တဲ့ လူ ဒီလောကမှာ မရှိ ဘူး။ တော်ပါပြီ ... ဆရာကြီး ... တော်ပါပြီ။ တော်လောက်ပါပြီ။ ကိုင်း ... ငပုလေးရေ။ လာဟေ့ ... ဒီဆရာကြီးကို လမ်းမထိရောက်အောင် လိုက်ပို့လိုက်စမ်းပါကွယ်"ဟု လူပုကလေးကို ခေါ်ပြီးလျှင် ခြေပြလက်ပြ ပြောလိုက်သဖြင့် ကျွန်ုပ်လည်း ပထမ၌ ကြောင်၍ ကြည့်နေမိ၏။

ကျွန်ုပ်မိတ်ဆွေလည်း သူ၏ ဆံပင်ကို အကြိမ်ကြိမ် ဆွဲပြီးနောက် ...

"ဩော် ... ဒါထက် စိတ်မရှိပါနဲ့ ဆရာကြီး။ အစကတော့ ကျွန်တော့်

ကားနဲ့ ဆရာ ကြီးကို လိုက်ပို့ဖို့ ပါပဲခင်ဗျာ။ အခုတော့ ကျွန်တော် ကား မောင်းလို့ ဖြစ်တော့မှာ မဟုတ်တော့ဘူး။ မောင်းရင် လမ်းမှာ တိုက်ချင် တာတွေ ဝင်တိုက်ကုန်လိမ့်မယ်။ ကျွန်တော် ရှူးသွားပြီ။ ကိုင်း ... ကြွပါ တော့ ဆရာကြီးခင်ဗျာ"

ထို့နောက် ကျွန်တော်လည်း ဆက်လက်၍ စကားပြောရန် မကြိုးစား တော့ဘဲ အောက်ထပ်သို့ဆင်းကာ တိုက်အပြင်သို့ ထွက်လာခဲ့လေ၏။

အောက်ထပ်၌ ကား ကျွန်ုပ်အား လက်ဆွဲမှန်အိမ်တစ်လုံးဖြင့် လိုက် ပို့ရန်စောင့် နေသော လူပုကလေးကို တွေ့ရ၏။

လူပုကလေးသည် စကားတစ်ခွန်းမျှမပြောဘဲ လက်ဆွဲမီးအိမ်ကို ကို င်၍ ရှေ့မှ သွားလေရာ ကျွန်ုပ်လည်း ၎င်းနောက်မှ ခပ်သုတ်သုတ် လိုက် ပါသွားလေ၏။

ထိုအချိန်၌ မိုးမှာ ညဥ့်ဦးက ရွာခဲ့သည် ကို အခဲမကျေသေးဟန်ဖြင့် တဖြောက်ဖြောက် ကျလာပြန်သောကြောင့် သုတ်သုတ်လျှောက်ခဲ့ရာ လူ ပုကလေးသည်

ကျွန်ုပ်အား အလွန်ကွေ့ကောက်သော လမ်းကြားများမှ ခေါ်သွားပြီး နောက် ကတ္တရာ စေးလမ်းတစ်ခုပေါ်သို့ ရောက်သောအခါ ကျွန်ုပ်အား ထားခဲ့၍ လာလမ်းအတိုင်း ပြန်သွားလေ၏။

အချိန်မှာ (၁၂) နာရီကျော်ပြီဖြစ်၍ လူသွားလူလာ ပြတ်နေသည့် အပြင် မိုး မှောင်ကလည်း ကျနေသဖြင့် ကျွန်ုပ်မှာ မည်သည့် နေရာသို့ ရောက်လာခဲ့သည် ကို မသိချေ။ သို့ဖြစ်၍ ခြေဦးတည့်ရာ လျှောက်လာခဲ့ ရာ (၁၅) မိနစ်ခန့် ကြာလတ်သော် လမ်းဘေးတွင် အိမ်ကလေးများကို မြင်ရသည် နှင့် ရှေ့သို့ ဆက်လက်လျှောက်လာ ခဲ့၏။

ဆယ်မိနစ်ခန့် ရှေ့သို့ ဆက်လက်လျှောက်မိသောအခါ ကျွန်တော်၏ ရှေ့နှစ်ဖာလုံ ကွာလောက်တွင် မီးရောင်တစ်ခုကို မြင်ရသည် နှင့် ထိုမီး ရောင်သို့ ခန့်မှန်း၍ လျှောက်ခဲ့ရာ မီးရောင်ရှိရာသို့ ရောက်သောအခါ က မာရွတ်ဌာနာ ဖြစ်၍ နေကြောင်း တွေ့ရလေသည် ။

ထိုအခါမှ ကျွန်ုပ်လည်း ဌာနာသို့ဝင်၍ ဌာနာပိုင်အား ကျွန်ုပ်မှာ က မာရွတ်က ကိစ္စတစ်ခုနှင့် ပြန်အလာတွင် အချိန်ကလည်း မတော် မိုးက လည်း မိနေသဖြင့် တက္ကစီတစ်စီးကို ရလိုပါကြောင်းနှင့် တောင်းပန်ရာ ဌာနာအုပ်ကလည်း အငှားမော် တော်ကား ကုမ္ပဏီတစ်ခုသို့ တယ်လီဖုန်းဆက်၍ ကားတစ်စီးကို ခေါ်ပေးလေသည် ။ အိမ်ပြန်ရောက် သောအခါ၌ ကား နှစ်နာရီမျှပင် ရှိခဲ့လေပြီ။

***

ရှစ်လမျှ ကြာပြီးနောက် ကျွန်ုပ်လည်း အထက်ပါအဖြစ်အပျက်ကို သတိမေ့လု မတတ်ရှိစဉ် တစ်နေ့သော ညနေစောင်း၌ အစိုးရဆေးရုံကြီးမှ ပြာတာတစ်ယောက် သည် ကျွန်ုပ်ထံသို့ စာတစ် စောင် လာ၍ ပေးရာ စာမှာ အောက်ပါအတိုင်း ပါရှိလေ သည် ။

ကျွန်ုပ် မသေမီ လက္ခဏာဆရာကြီး အင်မ်ကြာရိုးနှင့် အလွန်တွေ့လို သောဆန္ဒ ရှိပါသည် ။ ၎င်းဆေးရုံပြာတာနှင့် အတူ လိုက်ခဲ့စေလိုပါကြောင်း။

**ဦးကျော်ပန်း**

ကျွန်ုပ်သည် ဆေးရုံပြာတာနှင့် အတူ ရန်ကုန်ဆေးရုံကြီးသို့ မြင်းရထားတစ်စီး ငှား၍ လာခဲ့လေ၏။

ပြာတာသည် ကော်မရှင်နာလမ်း (ဗိုလ်ချုပ်လမ်း) ပေါက်ဘက်မှ လှည့်၍ တစ်နေ့လျှင် တစ်ဆယ်ကျပ်ခန့် အခပေးရသော အထူးလူနာများထားရာ အခန်းတစ်ခန်းသို့ ကျွန်ုပ်အားခေါ်သွားသဖြင့် လိုက်ပါသွားရလေရာ အခန်းထဲသို့ ဝင်မိသောအခါ အရိုးပေါ်အရေတင်မျှ ရှိနေသော လူမမာတစ်ယောက်ကို တွေ့ရလေသည်။

လူမမာသည် ကျွန်ုပ်အား သိဟောင်းကျွမ်းဟောင်း လူတစ်ယောက်ကဲ့သို့ ကြည့်ရှုလျက်ရှိရာ ကျွန်ုပ်ကလည်း ကောင်းစွာမှတ်မိလေသည်။

လူမမာသည် ကား အခြားလူ မဟုတ်။ လွန်ခဲ့သော ရှစ်လခန့်က ညဉ့်အချိန် မတော်တွင် လူသေ၏ လက္ခဏာကို ဖတ်ရန် ငှားရမ်းခဲ့ဖူးသူ လူထူးလူဆန်းပင် ဖြစ် သည်။

သူနာပြုဆရာမကလေးသည် အခန်းတွင်းမှ ထွက်သွားပြီးနောက် ကျွန်ုပ်သည် ခုတင်အနီး၌ ချထားသော ကုလားထိုင်ပေါ်တွင် ထိုင်မိသောအခါ ထိုလူလည်း အလွန်အင်အားချိနဲ့ လှစွာသော လေသံဖြင့် ကျွန်ုပ်အား နှုတ်ဆက်လေသည်။

"ဒီလို ဒုက္ခခံပြီးလိုက်လာတာ အများကြီး ကျေးဇူးတင်ပါတယ် ဆရာကြီး ...

ခင်ဗျာ"

"ဒုက္ခ မဟုတ်ပါဘူး ... ခင်ဗျာ။ ကိုယ့်မိတ်ဆွေတစ်ယောက် မမာနေတာသိရင် ခင်ဗျား စာမရတောင် လာပြီးသားပဲ"

"ဟိုနေ့ညက ဆရာကြီးကို ကျွန်တော် လွန်လွန်ကျူးကျူး ပြောမိတာ

တွေ တောင်းပန်ပါတယ် ... ဆရာကြီး"

"မပြောမိပါကလားဗျာ ... တောင်းပန်စရာ မလိုပါဘူး"

"မဟုတ်ပါဘူး ... မဟုတ်ဘူး ။ ဟိုညက ကျွန်တော်ဟာ အိမ်သည့် ဖြစ်ပြီး ညှော့ ဝတ်မကျေမိဘူး။ ဆရာကြီးကို အိမ်အရောက်တောင် မပို့မိဘူး"

"ကိစ္စမရှိဘူး မိတ်ဆွေ။ ဒါတွေ ပြောမနေပါနဲ့ တော့"

"ဟိုညက ကျွန်တော် ရူးသွားတယ် ဆရာကြီး။ ဆရာကြီး ဟောလိုက်တာကို ကြားရတော့ ငါမှားပြီဆိုပြီး ကျွန်တော့်စိတ် ကျွန်တော် မနိုင်အောင် ဖြစ်သွား ပါတယ် ဆရာကြီး"

"ဖြည်းဖြည်းပြောပါ ဦးကျောက်ပန်း ... မောပါတယ်ဗျာ"

"ဟုတ်ကဲ့ ... အချိန်လည်း မရှိဘူး ဆရာကြီး။ ဆရာဝန်က ငါးမိနစ်ထက် ပိုပြီး လည်း စကားပြောခွင့် မပြုဘူး။ ဒီတော့ မသေခင် ကျွန်တော့်အမှား ကျွန်တော် ဝန်ခံ ခဲ့ချင်ပါတယ်။ အသံကလည်း ကောင်းကောင်း မထွက်တော့ဘူး။ မရိုမသေ ရှေ့တစ် ဆိတ်တိုးပါ ခင်ဗျာ"

ကျွန်ုပ်သည် ထိုင်နေသော ကုလားထိုင်ကို ရှေ့သို့ အနည်းငယ်တိုးပြီးနောက် ဦးကျောက်ပန်း၏ လက်ကို ကြင်နာယုယစွာ ဆွဲကိုင်လျက်ရှိ၏။

လက်မှာ သံချောင်းကဲ့သို့ မာကျောလျက် မျက်နှာမှာ လည်း ဝါသောအရောင်

နှင့် ဖြူသောအရောင်အကြားတွင် ရှိနေ၏။

"ကျွန်တော် မန္တလေး ဇာတိပါ ခင်ဗျာ။ မိုးကုတ်တက်ပြီး ကျောက်တွ

င်းအလုပ်နဲ့ ကြီးပွားခဲ့ပါတယ်။ ငှက်ဖျားကလည်း ဟိုကတည်းက မိလာတဲ့ ငှက်ဖျားခင်ဗျ။ ဒီငှက် ဖျားကြောင့် လည်း ကြီးပွားခဲ့တာပဲ။ လူကို သတ်တာလည်း ဒီငှက်ဖျားပဲ။ ဒါနဲ့ ကျွန် တော့် ကျောက်တွင်းက နောက်ဆုံးရတဲ့ နီလာတစ်လုံးက တစ်သိန်းရလေတော့ ကျောက်တွင်းက ကျွန်တော့်အစုကို ငွေနှစ်သောင်းကျပ်နဲ့ ကျွန်တော့် ပါတနာကို ရောင်းခဲ့ပြီး ရန်ကုန်မှာ အတည်တကျ နေပါတော့မယ်လို့ သင်္ဘောစုန်လာခဲ့တာကိုး ခင်ဗျ။ သင်္ဘောပေါ်မှာ ဒုတိယအခန်းက စီးရလေတော့ ဒီကံဆိုးမနဲ့ လာတွေ့တာပါပဲ ခင်ဗျာ"

"ဟုတ်ကဲ့"

"ကျောက်မဲက လက်ဖက်ခြောက် ကုန်သည် ကြီးသမီး ခင်ဗျ။ အဖေမရှိရှာဘူး။ စော်ဘွားတစ်ယောက်ရဲ့ ရန်ကို ကြောက်တာနဲ့ အောက်ပြည်ကို ဆင်းပြေးလာတာ။ ကျွန်တော်ကလည်း သားမယားဆုံးပြီး စိတ်ညစ်ညစ်ရှိတာနဲ့ ရန်ကုန် စုန်လာရင်း သွားတွေ့တာကိုး ဆရာကြီးရဲ့ ။ ဒါနဲ့ တစ်ယောက်နဲ့ တစ်ယောက် မျက်စိကျပြီး သူနဲ့ ပါလာတဲ့ အဒေါ်ကြီးကို အသိအကျွမ်းဖွဲ့၊ ကျောက်နီဆွဲကြိုးတစ်ကုံး လက်ဆောင် ပေးပြီး နောက်ဆုံးပြောရရင် ရန်ကုန်ရောက်လို့ (၁၅) ရက်လောက်ရှိတော့ ရုံးမှာ လက်ထပ်လိုက်ကြတာပဲ ခင်ဗျာ"

"ဩော်"

"ပြီးတော့ ဆရာကြီးပြောတဲ့ အတိုင်း လင်ကို ပြုစုစောင့်ရှောက်တဲ့ နေရာမှာ ရုပ်လှသလောက် လိမ္မာတဲ့ မိန်းကလေးပါပဲ ခင်ဗျာ။ ဒါနဲ့ ပေါင်းသင်းလာလို့ သုံးလ လောက်ရှိတော့ သိန်းသိန်းမြင့်ဟာ အမူကွဲပါတယ်လို့ ထင်ရတယ် ဆရာကြီးရဲ့ ။ ကျွန်တော်က အမှတ်တမဲ့ သတင်းစာဖတ်နေမယ်၊ စာရေးနေမယ်ဆိုလို့ ရှိရင် သူ ဟာ ပြတင်းပေါက်မှာ

ပေးပြီး တစ်စုံတစ်ရာကို နက်နက်နဲနဲ စဉ်းစားနေတဲ့ လက္ခဏာ ရှိတယ်။ ကျွန်တော်လည်း ဒီအကြောင်းလှည့်ပတ်မေး။ အမျိုးမျိုးချော့မေး၊ မရဘူး ခင်ဗျ။ ဒါနဲ့ စိတ်ထဲမှာ ရှင်းသွားအောင် တစ်ခါတည်း ဖွင့်မေးတော့မယ်ဆိုပြီး မေးတော့ ဒီကိစ္စက အလကားကိစ္စပါ။ မသိချင်ပါနဲ့ ။ သိန်းကိုချစ်ရင် ဒီစကား နောက်ထပ် မမေးပါနဲ့ ဆိုတာနဲ့ ကျွန်တော်လည်း သူ့ကိုချစ်တဲ့ အတိုင်း အလိုလိုက်ခဲ့ပါတယ် ခင်ဗျာ"

"ဩော် ... ဒီလိုကိုး။ ပြောပါဦးဗျာ ... ပြောပါဦး"

"ဒါနဲ့ တစ်နေ့တော့ ကျွန်တော် အပြင်ကပြန်အလာမှာ သူ စာတစ်စောင် ရေးနေ တာ တွေ့ရတယ်။ ကျွန်တော်လာတာ မြင်တော့ သူရေးတဲ့ စာကို ဝှက်ထားလိုက် တယ် ခင်ဗျ"

"ဒီတော့ ကျွန်တော့်စိတ်မှာ အရင်ကထက် ပိုပြီးသင်္ကာမကင်း ဖြစ်လေတော့ ဒီစာကို မရရအောင် ချောင်းယူမယ်ဆိုပြီး နောက်ဆုံး ကျွန်တော် ရအောင်ကြံတာ ရရောဆိုပါတော့ ခင်ဗျာ။ စာမှာ ပါတာကတော့ စာရဲ့ ထိပ်မှာ မောင်ရေလို့ ခေါ်ထား တယ်ခင်ဗျ။ နာမည်တော့ မပါဘူး။ ဒီလိုဆိုလေ သင်္ကာမကင်းလေပေါ့ ခင်ဗျာ"

"စာထဲမှာ ရေးထားတဲ့ အကြောင်းကို ပြောပါဦး"

"အကြောင်းကလည်း မသင်္ကာစရာပဲ ခင်ဗျာ။ အခုတော့ လူချင်း မတွေ့ချင်နဲ့ ဦးတဲ့ ။ တဖြည်းဖြည်း ရန်ကုန်ရောက်အောင် ကြံပါ့မယ်တဲ့ ။ ငွေကို စာတိုက်ဗိုလ်က ကျေးဇူးပြုပြီး လစဉ်မှန်မှန် ပို့ပါ့မယ်လို့ ရေးထားတာကိုး ခင်ဗျ"

"အေးလေ ... ဒီလိုဆိုတော့ မသင်္ကာစရာပေါ့"

"ဒီလို မသင်္ကာစရာတွေ့လေ ကျွန်တော် စိတ်မချမ်းသာလေပဲ

ဆရာကြီးရဲ့ ။ ကျွန်တော် နဂိုက စိတ်တိုတတ်တယ်။ တဇွတ်ထိုး လုပ်တတ်တယ်။ အဲဒီလို အထဲမှာ အခုလိုဖြစ်တော့ ငါသေမှ ပဲ အေးမယ်လို့ ကျွန်တော် စိတ်ကို ပိုင်းဖြတ်လိုက်တယ်။

ဒါနဲ့ ... သူ့ကိုတော့ ဘယ်လောက်ပဲ ဆိုးဆိုး ကျွန်တော် မသတ်ရက်ပါဘူး ဆရာကြီး ရယ်။ သေခြင်းသေရင် ကျွန်တော်သာ အသေခံမယ်လို့ အောက်မေ့ပါတယ်။

ဒါကြောင့် ကျွန်တော်လည်း အလွတ်ဆေးဆိုင်တစ်ဆိုင်က အင်မတန် ညင်ညင်သာ သာနဲ့ အသက်ထွက်နိုင်တဲ့ အဆိပ်မျိုးကို မရရအောင် ရှာကြံဝယ်ခဲ့ပါတယ် ခင်ဗျာ"

"ဟုတ်ကဲ့၊ ပြောပါဦး ... ဦးကျောက်ပန်း"

"ဂျီလပ်စီများ တယ်ဆိုးပါကလားနော် ... ဆရာကြီး"

"ဒါပေါ့ဗျာ။ ဆံတစ်ပင်တင်း ချစ်ခြင်းမယားလို့ စာက ဆိုတာပဲ"

"ဟုတ်ပါတယ် ခင်ဗျာ။ လူများ ဟာ မယားထိရင် အမှားချည်းပဲ ဖြစ်တတ်တာပဲ။ ဒါနဲ့ ... ကျွန်တော်လည်း သူ့ဆီကို စာတစ်စောင်ရေးပြီး အားလုံးမှာ စရာရှိတာတွေ မှာ ထားပြီး နောက်ဆုံး ကလေးစကားပြောရမယ်ဆိုရင် မင်း ငါ့ထက်သာတဲ့ လူနဲ့ ပျော်ပျော်ပါးပါး ပေါင်းရစ်ပေတော့ဆိုတဲ့ အကြောင်းတွေပေါ့ ခင်ဗျာ"

"အဲဒီလို စာရေးပြီး ကျွန်တော့်အကြံက မနက်စောစော အဆိပ်ကို သောက်မယ်

လို့ အဆိပ်ကို အဆင်သင့်ထားတာကိုး ဆရာကြီးရဲ့ "

"အင်း ... ပြောပါဦး"

"အဲဒါနဲ့ အဲဒီည (၁၁) နာရီလောက် အိပ်ရာဝင်ခါနီးမှာ ကျွန်တော့် အခန်းဘက်

သူ ကူး လာပြီး "အစ်ကိုကြီး၊ ကျွန်မ ခေါင်းကိုက်လွန်းလို့ ခေါင်းကိုက်ဆေးကလေး ပေးပါဦး" လို့ လာပြောတာကို ခင်ဗျ။ ကျွန်တော်လည်း မကြာမကြာ ခေါင်းကိုက် တတ်လွန်းလို့ အက်စ်ပရို အထုပ်ကလေးတွေ အမြဲထားတယ်ခင်ဗျ။ ခေါင်းကိုက် လိုက်တာ အစ်ကိုကြီးရဲ့ ။ မြင့် ဒီကနေ့ ကောင်းကောင်း နေမကောင်းဘူး။ မျက်ခုံးတွေ လည်း သိပ်လှုပ်တာပဲလို့ တောင် ပြောရှာသေးတယ် ခင်ဗျ။ နို့ပေမဲ့ ... ကျွန်တော့်မှာ သူ့အတွက် ထိပ်မြွေကိုက်နေတာတော့ သူ မသိရှာဘူး။ ဒါနဲ့ ... တိုတိုပြောပါရစေတော့ ဆရာကြီးရယ်။ ခများ ကံဆိုးချင်တော့ အဆိပ်ထုပ် ကလေးထည့်တဲ့ သေတ္တာကို ယောင်ဖွင့်မိပြီး အဆိပ်ထုပ်ကို မှားပေးလိုက်ပါလေရောခင်ဗျာ"

"အို ... ဒီလိုကိုးဗျ။ ဖြစ်မှ ဖြစ်ရပလေတယ်ဗျာ"

"ဆေးထည့်တဲ့ သေတ္တာကလေး ဆင်တူနှစ်လုံး ရှိတယ်ခင်ဗျာ။ တစ်လုံးမှာ အဆိပ်ထုပ်ကလေးထည့်ပြီး အခြားတစ်လုံးမှာ ခေါင်းကိုက်ဆေးထုပ်ကလေး ထည့် ထားတယ်။ သည် တုန်းက စိတ်ဟာ အင်မတန် နောက်ကျိနေပြီး ဘာကို လုပ်မိမှန်း မသိ။ ဘာကိုပြောလို့ ပြောမိမှန်းမသိ ဖြစ်နေပါတယ် ခင်ဗျာ"

"ဟုတ်ပေလိမ့်မယ်လေ ... ဒါမျိုးဟာ အဆိပ်မွှန်တာထက်တောင် ကဲသေးတာ ပဲ"

"ဒါနဲ့ တိုတိုပဲ အဆုံးသတ်ပါရစေတော့ ခင်ဗျာ။ မနက်စောစော အိပ်ရာကထ၊ ညက ရေးထားတဲ့ စာကို စာအုပ်ထဲထည့်ပြီး မသေခင် နောက်ဆုံး သူ့ နှုတ်ခမ်းနီရဲရဲ ကလေးကို နမ်းလိုက်ဦးမဟဲ့လို့ အားခဲပြီး မနက်

မိုးမလင်းတလင်း သူ့ အခန်းဘက်ကို ကူးခဲ့တော့၊ လားလား ... ကျွန်တော့် အချစ်ကလေးဟာ ခုတင်ပေါ်မှာ စန့်စန့်ကြီးဖြစ် နေတာ တွေ့ရတာပါပဲ ဆရာကြီးရယ်။ သေတာတောင် သူ့ပါးစပ်နုနုလေးကို တစ်ခါ နမ်းလိုက်မိသေးတယ် ခင်ဗျ။ ဒါနဲ့ ကိုယ့်အခန်း ကပျာကယာ ပြန်ပြေးလာပြီးသေတ္တာ အနက်ကလေး နှစ်လုံးကို ဖွင့်ကြည့်တော့မှ ခေါင်းကိုက်ဆေးအစား အဆိပ်ကို မှား ပေးလိုက်မိတာ သိရတော့တာပါပဲ ခင်ဗျာ။ သည့် နောက်တော့ ဆရာကြီး သိတဲ့ အတိုင်း ကျွန်တော်လည်း ရူးတော့တာပါပဲ"

"သူ စာရေးတဲ့ လူ ဆိုတာကကော"

"နောက် ဆရာကြီး လက္ခဏာဖတ်ကြည့်လို့ သူချစ်နေတဲ့ လူက သူ့ဆွေမျိုး ဉာတိထဲက ဖြစ်ရမယ်ဆိုလို့ ကျွန်တော်လည်း သူ့ကို သင်္ဂြိုဟ်ပြီး မန္တလေးကိုလိုက်၊ မန္တလေးက ကျောက်မဲဆက်သွားပြီး သူ့ဆွေမျိုးဉာတိတွေ အကြောင်းကို ရပ်ဖျက် ပြီး စုံစမ်းတဲ့ ခါကျမှ အမှန်သိရတော့တာပါပဲ ခင်ဗျ။ လက်စသတ်တော့ သူ တိတ် တစ်ဆိတ်စာရေးပြီး ငွေပို့တဲ့ လူက တခြားလူ မဟုတ်ဘူး ။ သူ့မောင်အရင်းဆိုပဲ ခင်ဗျ။ ဒီလူက ဆိုးတေမိုက်မဲနေတဲ့ အတွက် သူ့ဂုဏ်ပျက်မှာ လည်း စိုး၊ ကျွန်တော်က သူ့အပေါ် အထင်အမြင်လွဲပြီး အချစ်ပေါ့သွားမှာ လည်း စိုးတဲ့ အတွက် ဒီလိုဖြစ်ရတာပဲ ခင်ဗျာ။ ပြီးတော့ ..."

ထိုခဏ၌ သူနာပြုဆရာမကလေးသည် ပြန်ဝင်လာ၍ ကျွန်တော့်အား ခရီး သွားမည့် ဆဲဆဲ လူတစ်ယောက်ကဲ့သို့ ...

"ကိုင်း ... ကြွပေတော့ ဆရာကြီး။ ကျွန်တော်လည်း နေရလှရင် နောက်သုံးရက် ပဲ ဆရာကြီး" ဟု နောက်ဆုံး ပြောဆိုနှုတ်ဆက်သောအခါ ကျွန်ုပ်မှာ စိတ်ထဲတွင် အတော်ထိခိုက်မိ၏။ ထို့နောက် ကျွန်ုပ်လည်း အ

ခန်းထဲမှ ထွက်လာခဲ့လေသည် ။

အခန်းမှ အထွက်တွင် ကျွန်ုပ်အား လာခေါ်သော ပြာတာကလေးကို တွေ့၍ ၎င်း၏ လက်ထဲသို့ ငွေစက္ကူ ငါးကျပ်တန်တစ်ချပ် ထည့်လိုက်ပြီး နောက် ဦးကျောက်ပန်း တစ်စုံတစ်ခုဖြစ်က ကျွန်ုပ်ထံသို့ လာရောက် အကြောင်းကြားရန် မှာ ထားခဲ့လေ သည် ။

တစ်ပတ်ခန့်အကြာတွင် ထိုပြာတာကလေးသည် အိမ်သို့ ပေါက်လာ၍ ဦးကျောက်ပန်းမှာ ယမန်နေ့ည (၁၁) နာရီကပင် သေဆုံးပြီဖြစ်ကြောင်း၊ ဆွေမျိုး ဉာတိမရှိသဖြင့် ဆေးရုံကပင် ထုံးစံအတိုင် သင်္ဂြိုဟ်လိုက်ပြီဖြစ်ကြောင်း ပြောပြ လေသတည်း။

*****